# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၆)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ၁၇-၈-၂၀၂၄၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား တက်ရောက်

ပုသိမ် ဩဂုတ် ၁၆

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မအူပင်မြို့နယ် တိုးရွှေဝါခန်းမ၌ ကျင်းပရာ ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။

### အခမ်းအနားဖွင့်လှစ်

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က ဖဲးစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ယနေ့ ကျင်းပသည့် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားတွင် ယခုကဲ့သို့ တိုင်းရင်းသားများ စုစုစည်းစည်း ပြန်လည်တွေ့ဆုံရသည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ယနေ့ခေတ် အချိန်အခါတွင် ပိုမိုအရေးကြီးလာပါကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာ၊ တည်ငြိမ်အေးချမ်းရေးကို ထိပါးနိုင်သည့် စိန်ခေါ်မှုများကို တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဖြတ်ကျော်ကြရမည်ဖြစ်ပါကြောင်း၊ ကရင်ရိုးရာချည်ဖြူဖွဲ့ပွဲသည် ကရင်တစ်မျိုးသားလုံးပိုင်ဆိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်ဖြစ်ပါကြောင်းနှင့် ဘာသာမရွေး၊ ဒေသမရွေးဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း၊ ချည်ဖြူဖွဲ့ပွဲသည် ကရင်တစ်မျိုးသားလုံးအား ပြန်လည်စုစည်းပေးသည့် အခမ်းအနားဖြစ်ပြီး ယနေ့အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်းရှိ ကရင်လူမျိုးများ စုစုစည်းစည်း ညီညီညွတ်ညွတ် တွေ့ရှိသည်မှာ ဝမ်းမြောက်ပါကြောင်း၊ တိုင်းပြည်ငြိမ်းချမ်း၊ အေးချမ်းရန်အတွက်လည်း တိုင်းပြည်၌နေထိုင်သည့် တစ်မျိုးသားလုံးအနေဖြင့် တာဝန်ရှိပါကြောင်း အဖွင့်နှုတ်ခွန်းဆက်အမှာစကားများပြောကြားသည်။

### ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် ကရင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မအူပင်မြို့နယ် ကရင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဦးစီးပဓာနနာယကဆရာတော် ဦးနန္ဒမာလာက အမှာစကားပြောကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ) အကြောင်း Dr.နန့်သီတာကျော်က ဖတ်ကြားသည်။

ယင်းနောက် ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းလူငယ်များက ချည်ဖြူဖွဲ့ပစ္စည်းများသယ်ဆောင်ခြင်း၊ ချည်ဖြူဖွဲ့ပေးမည့် ဘိုးဘွားများအား စနစ်တကျ ဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ဧည့်သည်တော်များအား ဘိုးဘွားများက ကရင်ရိုးရာချည်ဖြူဖွဲ့ပေးခဲ့ကြပြီး ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်မြို့ မှန်ပင်ပရိယတ္တိစာသက်တိုက်၌ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ ကရင်စာပေနှင့် ယဉ်ကျေးမှု အသင်းများ၊ တက္ကသိုလ်အသီးသီးမှ ကရင်တိုင်းရင်းသား ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းရင်းသားအားလုံးသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပြီး တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် အေးအတူပူအမျှ လက်တွဲနေထိုင်ရန်လိုပါကြောင်းတိုက်တွန်းအမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က အားပေးစကားများပြောကြား၍ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၆ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး၊ တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့်စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ စနေနေ့။

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ထားသည်။

၂၀၂၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင် လေးလအတွက် သွင်းအားစုများ တင်သွင်းသည့် ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိရေး ထောက်ခံပေးထားရာ မြေသြဇာတန်ချိန် ၈၅၃၁၇၉ ဒသမ ၆၄ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၃၁၇၄ ဒသမ ၅၄ တန် ရှိပြီဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၏ တင်ပြချက်အရ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်အထိ ဓာတ်မြေသြဇာအတွက် လိုင်စင်ရပြီး တန်ချိန် ၆ ဒသမ ၁ သိန်းအနက် တင်သွင်းပြီးတန်ချိန် ၄ ဒသမ ၃၄ သိန်းကျော်ရှိကြောင်း၊ တင်သွင်းရန်ကျန် လိုင်စင်ရထားသည့် အသင်းဝင်ကုမ္ပဏီများမှ အချိန်မီတင်သွင်းနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်လ ဦးဆောင်ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပို့ကုန်ရငွေ Export Earning အထောက်အထားပြနိုင်သည့် ကုမ္ပဏီများ သွင်းကုန်လိုင်စင်ရရှိရေးနှင့် အသင်းမှ တင်ပြချက်ဖြစ်သော တင်သွင်းမှုလျော့နည်းလာပါက ဓာတ်မြေသြဇာများ လိုအပ်ချက်ရှိလာပြီး တရားမဝင်ဈေးကွက်များ ဖြစ်ပေါ်ကြုံတွေ့လာနိုင်သည့်အတွက် လစဉ်လိုအပ်ချက်အတိုင်း တင်သွင်းနိုင်ခြင်းမရှိပါက ပို့ကုန်ရငွေဖြင့် ဆောင်ရွက်နိုင်သည့် ကုမ္ပဏီများကို ဦးစားပေးထောက်ခံသင့်သည်ကို အကြံပြုတင်ပြထားကြောင်း၊ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာနရုံး အမှတ်(၁၆)အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ရေကျသည့်အခါ ပြန်လည်စိုက်ပျိုးနိုင်ရေး တောင်သူများအား ယူရီးယားတစ်အိတ်ကို ငွေကျပ် ၇၃၀၀၀ နှုန်းဖြင့် ၁၅ ပတ်လည် ကွန်ပေါင်းတစ်အိတ်ကို ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ရောင်းချပေးမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့်နိုင်ငံဖြစ်ရာ ဇူလိုင်လအတွင်း မိုးရွာသွန်းမှုများခြင်းကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော မြို့နယ်များအား ရေကျသည့်အခါ ပြန်လည်စိုက်ပျိုးနိုင်ရေး မြေသြဇာအသင်းဝင်ကုမ္ပဏီများက လိုအပ်သည့် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချပေးရာတွင် တောင်သူများသို့ သက်သာသောဈေးနှုန်းဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး ရှင်းလင်းပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၁၆**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးရှင်းလင်းပွဲကို ယနေ့ နံနက် ၁၁ နာရီက အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းနှင့် သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရေးအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူငယ်သင်တန်းကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းနှင့် ဝန်ထမ်းများ၊ ကျောင်းသားလူငယ်များ စုစုပေါင်း ၁၂၀ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

(ဝ၃၇)



# မန္တလေးတွင် ကား၊ ဆိုင်ကယ်ဈေးကွက် အရောင်းအဝယ်အေးနေ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတွင် ကား၊ ဆိုင်ကယ်ဝယ်ရောင်းဈေးကွက်အတွင်း ဝယ်ယူသူအနည်းငယ်လျော့နည်းသွားခြင်းကြောင့် အရောင်းအဝယ်အေးနေကြောင်း လမ်း ၆၀ ကားရောင်းဝယ်ရေးစခန်းက သိရသည်။

ကားဈေးနှုန်းမှာ အရောင်းအဝယ်အေးနေသော်လည်း ကျဆင်းခြင်းမရှိသည့်အပြင် ဆိုင်ကယ်ဈေးနှုန်းများ ကျဆင်းနေသော်လည်း အရောင်းအဝယ်ဖြစ်မှုနည်းပါးကြောင်း သိရသည်။

**(အပေါ်ပုံ)**

"ကားဈေးကွက်ထဲမှာက အဝယ်က အရင်ကလောက်မရှိတော့ဘူး၊ အဲ့ဒါကြောင့် အရောင်းအဝယ်ကအေးတာ၊ ဒါပေမယ့် ဈေးကွက်ထဲမှာ ရောင်းကားအရေအတွက်ကလည်း များများစားစားမရှိတော့ အဝယ်နည်းပေမယ့် ဈေးကမကျတာပါ၊ ဈေးကျဖို့၊ တက်ဖို့ကတော့ အခုအခြေအနေအရ ခန့်မှန်းဖို့ ခက်တယ်"ဟု အဆိုပါကားရောင်းအဝယ်ရေးစခန်းက ကားဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

လက်ရှိကားဈေးကွက်အတွင်း၌ ဒီဇယ်သုံးကားများ အရောင်းအဝယ်အနည်းငယ်ဖြစ်နေပြီး ဓာတ်ဆီသုံးကားများမှာ အင်ဂျင်ပါဝါ ၁၃၀၀ စီစီနှင့် အောက်ကားများကို အဓိကဝယ်ယူမှုများနေကြောင်း၊ ကားဈေးနှုန်းများအဖြစ် ဟွန်ဒါဖစ် ငွေကျပ် သိန်း ၅၀၀နှင့် ၆၀၀ ကြား၊ မာစတာဒီမီယိုငွေကျပ် သိန်း ၄၅၀ နှင့် ၆၆၀ ကြား၊ ဟွန်ဒါအင်ဆိုဒ် ငွေကျပ် သိန်း ၆၀၀ နှင့် ၇၀၀ ကြား၊ ဆူဇူကီး ဆွစ် ငွေကျပ်သိန်း ၅၀၀ နှင့် ၈၀၀ ကြား၊ အေဒီဗင် ငွေကျပ်သိန်း ၄၅၀ နှင့် ၅၅၀ ကြားတွင်ရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများမှာ စကူးဖီး ငွေကျပ်သိန်း ၄၀ မှ ၈၀ ကြား၊ ကလစ် ငွေကျပ် ၃၅ သိန်း မှ ၉၀ ကြား၊ ဟွန်ဒါ အင်ဂျင်ပါဝါ ၁၁၀ များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၅ သိန်းရှိကြောင်း၊ တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းမှာ မော်ဒယ်ပေါ် မူတည်ကာ ငွေကျပ် ၁၀ သိန်းမှ ၂၅ သိန်းဝန်းကျင်ခန့် ဈေးနှုန်းရှိနေကြောင်း၊ လက်ရှိ ဈေးကွက်အတွင်း လျှပ်စစ် ဆိုင်ကယ်များမှာ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး တစ်ပတ်ရစ် ဆိုင်ကယ်များအပြင် အသစ်များကို ဝယ်ယူသူများပြားနေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

# မြို့နယ်ကြက်ခြေနီအသင်းခွဲသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

**ရေနံချောင်း ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံချောင်း၊ ရေနံမြေ၊ ဂိုလ်းပက်ထရိုကုမ္ပဏီ (Goldpetrol)မှ ၂၀၂၄ ခုနှစ်၊ CSR လုပ်ငန်းအစီအစဉ်ဖြင့် ရေနံချောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲသို့ သင်ထောက်ကူပစ္စည်းများဖြစ်သော Projector၊ Screen၊ Generator တန်ဖိုးငွေကျပ် စုစုပေါင်း ၂၅ သိန်းအား ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် ရေနံချောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် ရေနံချောင်းမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်ထံသို့ သင်ထောက်ကူပစ္စည်းများကို ဦးလွင်အောင်မိုး HSES.OFFICER နှင့် Goldpetrol မှ အရာရှိများမှ လွှဲပြောင်းပေးအပ်ခဲ့ရာ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ကြောင်း မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌထံမှ သိရသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်းရာသို့ ရေနံချောင်းမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များ၊ ဦးလွင်အောင်မိုး HSES.OFFICER နှင့် Goldpetrol မှ အရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၇၂)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မွန်ပြည်နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲသို့တက်ရောက်



နေပြည်တော် ဩဂုတ် ၁၆

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမဦးကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မွန်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ မွန်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်း ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ရာ အချိန်ကာလအားဖြင့် တစ်လကျော်သာလိုပါကြောင်း၊ မွန်ပြည်နယ်အနေဖြင့် ကောက်ကွက်ပေါင်း ၃၆၀၀ ကျော်ဖြင့် ဖွဲ့စည်း၍ စာရင်းစစ်၊ စာရင်းကောက် ၁၂၀၀ ခန့်ဖြင့် ကောက်ယူရန်လျာထားပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း နယ်မြေဒေသတချို့၌ လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ရက်ထပ်မံတိုးမြှင့်ကောက်ယူရန် လိုအပ်ပါက ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီနိုင်ရေးအတွက် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိပါကြောင်း။

သန်းခေါင်စာရင်းမှရရှိသော အခြေခံကိန်းဂဏန်းများအရ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်ရမည့် လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီး လာမည့်ရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်ရေး နှိုင်းယှဉ်သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတိုင်း ပြီးမြောက်အောင်မြင်ရေးအတွက် ကော်မတီအဆင့်ဆင့်က ကြိုတင်စီမံဆောင်ရွက်ကြရန်နှင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူရေးအတွက် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်ရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မွန်ပြည်နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးတိုးဝင်းက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်လုံးကျွတ် သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မော်လမြိုင်မြို့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မြတ်ပန်းမာလာခန်းမ၌ မြို့နယ်ရုံးဝန်ထမ်းများက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ နိုင်ငံသားကတ်ပြား ထုတ်ပေးသူများနှင့် နိုင်ငံသားကတ်ပြားရရှိပြီးသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူကာ ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ခန်းမ၌ မွန်ပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်(၅)ရပ် အနက် အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တိကျမှန်ကန်သည့် မဲစာရင်းပြုစုနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်များဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးဆောင်ရွက်နေမှုနှင့် ထို့ပြင် နိုင်ငံသားကတ်ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ် အားလုံးသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (၄၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး တက်ရောက်




ဗီယင်ကျန်း ဩဂုတ် ၁၆

(၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး (Forty-Sixth Meeting of the High-level Task Force on ASEAN Economic Integration-46th HLTF-EI) ကို ဩဂုတ် ၁၄ ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပရာ မြန်မာနိုင်ငံ၏ အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် (HLTF-EI Lead) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် တက်ရောက်သည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များ (Priority Economic Deliverables - PEDs) များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစီးပွားရေးမျှော်မှန်းချက်၊ အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများအကြား လွတ်လပ်သောကုန်သွယ်မှုဒေသများ တည်ထောင်ရာတွင် တွေ့ကြုံရသည့် အသစ်နှင့် ပေါ်ထွန်းဆဲ (New and Emerging Issues) ကိစ္စရပ်များ၊ အာဆီယံ ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံမဟာဗျူဟာ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍ လျှပ်စစ်မော်တော်ယာဉ်နှင့် ဘက်ထရီထုတ်လုပ်မှုဆိုင်ရာ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းများအတွက် Pilot Project အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) (မူကြမ်း) ရေးဆွဲမှု၊ ၂၀၂၅ အလွန် အာဆီယံ စီးပွားရေး အသိုက်အဝန်း (အေအီးစီ) လေ့လာမှုနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)လမ်းပြမြေပုံ -၂၀၂၅ ၏ အပြီးသတ်ကာလသုံးသပ်ချက် (End- Term Review- ETR of AEC Blueprint 2025) ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ ၂၀၂၅ ခုနှစ် မလေးရှားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ရန် ပြင်ဆင်မှုများနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြမည့်အကြံပြုချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

အစည်းအဝေးသို့ လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Manothong Vongsay က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံနိုင်ငံများ၏ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များဖြင့် ဖွဲ့စည်းထားပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း၏ လုပ်ငန်းများအကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်း၍ အာဆီယံစီးပွားရေးဝန်ကြီးများထံ အကြံပြုချက်များတင်ပြလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရေစစ်ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေအား ကွင်းဆင်းကြည့်ရှု၊ တောင်ပြုန်းကျေးရွာရှိ သမိုင်းဝင် ဆုတောင်းပြည့်၊ ဆုတောင်းရ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညို

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ရေတွန်းစက်ရုံ အမှတ်(၄)ရေစစ်ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုပြီး တောင်ပြုန်းကျေးရွာရှိ သမိုင်းဝင် ဆုတောင်းပြည့်၊ ဆုတောင်းရ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ပြွန်တစ်လုံးတံတားသို့ ရောက်ရှိပြီး ဆည်တော်ကြီးရေသောက်စနစ် မန္တလေးတူးမြောင်းမကြီးမှတစ်ဆင့် ရေစစ်ကန်အတွင်းသို့ ရေဝင်ရောက်နေမှု၊ ရေစစ်ကန်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ဒေသခံပြည်သူလူထုအတွက် သောက်သုံးရေဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာရှိ မိုးစပါးပျိုးခင်းများ ရှင်သန်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ပြုန်းကျေးရွာရှိ အနော်ရထာမင်း ကောင်းမှုတော် သမိုင်းဝင်ဆုတောင်းပြည့်စေတီနှင့် ဆုတောင်းရစေတီများသို့ ရောက်ရှိပြီး စေတီများတွင် ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင်ဆုတောင်းပြည့်ဘုရား၊ ဆုတောင်းရဘုရားပွဲတော်များနှင့် တောင်ပြုန်းပွဲတော်တို့ကို ရိုးရာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









သတင်း-စာမျက်နှာ ၄






# ပြည်တွင်းသုံးစွဲရန်လိုအပ်သောစက်သုံးဆီများ သိုလှောင်ထားရှိမှုနှင့် ဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်တင်းနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်တန်းမြို့နယ် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)ရှိ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် စက်သုံးဆီကန်များအတွင်း၌ စက်သုံးဆီ သိုလှောင်ထားရှိမှုအခြေအနေနှင့် ဆီသယ်ယာဉ်များပေါ်သို့ စက်သုံးဆီ ဖြည့်တင်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြတ်မေတ္တာမွန် စက်သုံးဆီသိုလှောင်ကန်စခန်းသို့ ရောက်ရှိရာ အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းသိုလှောင်ရောင်းချဖြန့်ဖြူးရေး အသင်းတာဝန်ရှိသူများက လတ်တလောစက်သုံးဆီ ရောင်းချနေမှုအခြေအနေများ၊ သိုလှောင်ကန်များ အတွင်း ရောင်းချရန် စက်သုံးဆီသိုလှောင်ထားရှိမှုနှင့် အရန်စက်သုံးဆီ သိုလှောင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၁၀ ရှိရာ စက်သုံးဆီဝယ်လိုအား သိသိသာသာမြင့်တက်လာမှုကြောင့် အချို့ဆိုင်များတွင် သိုလှောင်ကန်သို့ ဆီသယ်ယာဉ်ဆီဖြည့်သွားစဉ် ခေတ္တအရောင်းရပ်ထားခြင်းတို့ကြောင့် သုံးစွဲသူပြည်သူများက စိုးရိမ်စိတ်ဖြင့် ဝယ်ယူသုံးစွဲလိုမှု များပြားလာခြင်း ဖြစ်ကြောင်းနှင့် ယခုရက်ပိုင်းအတွင်း ပုံမှန်အနေအထားအဖြစ် ပြန်လည်ရောက်ရှိရေးအတွက် စက်သုံးဆီ အရောင်းဆိုင်များသို့ လုံလုံလောက်လောက်ရောင်းချ ပေးထားပြီဖြစ်ကြောင်းနှင့် ဖြေရှင်းဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆီသိုလှောင်ကန်မှဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်သွင်းသည့်စနစ် အားနည်းချက်မရှိရေး၊ အစီအစဉ်တကျဖြည့်သွင်းခြင်း၊ ထွက်ခွာခြင်းနှင့် ဆိုင်အရောက်မြန်ဆန်ရေးသည် အကောင်းဆုံးဖြစ်၍ ဆောင်ရွက်ကြရန်၊ အမြန်ဆုံး ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများ၊ ဆီဖြည့် Terminal များ၊ ဆီသယ်ယာဉ်များမှ တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်သုံးဆီသိုလှောင်ကန်စခန်းများဖြစ်သော မြတ်မေတ္တာမွန်၊ မက်စ်မြန်မာ၊ Brighter Energy Terminal နှင့် ပီတောက်ရွှေဝါတို့တွင် ဆီဆိုင်များသို့ ပေးပို့ရန် ဆီသယ်ယာဉ်များပေါ်သို့ ဆီဖြည့်တင်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM နှင့် ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၄ ဒုတိယနေ့အစီအစဉ်များကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ချူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတို့၌ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း အေဂျင်စီ (ROSATOM)နှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၄၊ ဒုတိယနေ့ အစီအစဉ်များကို ယနေ့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အားပေးသည်။




နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး ပွဲတော်လာ ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စုဝေးခန်းမ၌ Science Battle ယှဉ်ပြိုင်နေမှုများကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ကြည့်ရှုအားပေးသည်၊

ယင်းပြိုင်ပွဲတွင် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသားများ ပါဝင်သော အသင်းရှစ်သင်းတို့က သက်ဆိုင်ရာ ဘာသာရပ်များကို Performance များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ၂၀၀ က voting စနစ်ဖြင့် အမှတ်ပေးကြရာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ အသင်းက ပထမဆု၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ အသင်းက ဒုတိယဆုနှင့် နည်းပညာတက္ကသိုလ် (သန်လျင်)မှ အသင်းက တတိယဆုများရရှိကြသည်။ ဒုတိယဝန်ကြီးက ဆုများကို ချီးမြှင့်ပေးအပ်ပြီး (အပေါ်ပုံ) ပြိုင်ပွဲဝင် ကျောင်းသားအားလုံးကို ROSATOM မှ တာဝန်ရှိသူနှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်တို့က Certificates များကို ပေးအပ်ကြသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး ပြိုင်ပွဲဝင်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုကြောင်းနှင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်၌ ယမန်နေ့က HackAtom ပြိုင်ပွဲဝင်အသင်းများ၏ အသင်းလိုက်ယှဉ်ပြိုင်ဖြေဆိုကြမှုများကို Moscow Engineering Physics Institute မှ ပါမောက္ခများပါဝင်သောဒိုင်အဖွဲ့က မေးခွန်းများကို မေးမြန်းပြီး အကဲဖြတ်အမှတ်ပေးကြသည်။ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရအသင်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး Moscow Engineering Physics Institute မှ ပါမောက္ခများက ပြိုင်ပွဲဝင်အသင်းများအား ROSATOM မှ Certificates များနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ROSATOM မှ တာဝန်ရှိသူများနှင့် Moscow Engineering Physics Institute မှ ပါမောက္ခများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့အတူ ဒုတိယနေ့ အစီအစဉ်များကို ချူကလီးယားသတင်းအချက်အလက် စင်တာတွင်လည်း ဆက်လက်ကျင်းပရာ နံနက်ပိုင်းတွင် Public Discussion ကို ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနတို့ရှိ တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများသည် Hybrid စနစ်ဖြင့် တက်ရောက်ကြပြီး Fun Science အစီအစဉ်မှ "Sink or Swim Boat Challenge" တွင် အခြေခံပညာ အလယ်တန်းမှ ကျောင်းသားများ တက်ရောက် ဆင်နွှဲကြသည်။ အဆိုပါစင်တာ၌ ညနေပိုင်းတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့မှ ကျွမ်းကျင်ပညာရှင် သုံးဦးကို အစီအစဉ်တင်ဆက်သူက ချူကလီးယား နည်းပညာဆိုင်ရာ မေးခွန်းများ အပြန်အလှန်ဆွေးနွေးကြသည်များကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အားပေးသည်။

အလားတူ Moscow Engineering Physics Institute မှ ပါမောက္ခများက "Career guidance Session" အစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အထက (၂) မင်္ဂလာဒုံနှင့် TTC (ကမာရွတ်) ကျောင်းတို့၌ ပြုလုပ်ပြီး ကျောင်းသားများက "သင့်ရဲ့ သိပ္ပံဆိုင်ရာ ကျွမ်းကျင်မှုကို ဘယ်လိုမြှင့်တင်မလဲ" ဂိမ်းကစားနည်းများဖြင့် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ် ဝင်ခွင့်စိစစ် ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ စာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့** ပထမဦးစားပေးလျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်(၂၃)ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာ လက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကိုတက္ကသိုလ် ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် <u>တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း</u>နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁၂ ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၁၆-၈-၂၀၂၄)

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ တိုင်းမှူးထံ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုတို့က ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၅ သိန်းကျော်နှင့် ငွေကျပ် ၁၄ သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းသို့ ပေးအပ်လှူဒါန်းရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းသုံးရာကိုးဆယ့်ကိုးသိန်းခြောက်သောင်းနှင့် သုံးဆယ့်ခြောက်သိန်းခုနစ်သောင်း တန်ဖိုးရှိစားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စာသင်ကျောင်းဆောင် အသစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး



**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ရှိ စာသင်ကျောင်းဆောင်တစ်ဆောင်အား ဖျက်သိမ်းပြီး ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ရေး မြို့နယ်ပညာရေးမှူး ဦးအေးလင်းနှင့် တာဝန်ရှိသူများက ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အမှတ်(၁၆)အခြေခံပညာမူလတန်းကျောင်းသည် ကျောက်ဆည်မြို့၊ တံတားလည်ရပ်ကွက်တွင် တည်ရှိပြီး ၂ ဒသမ ၃၀ ဧကကျယ်ဝန်းကာ KG တန်း၌ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး၊ Grade-1 ၁၈ ဦး၊ Grade-2 ၂၀ ဦး၊ Grade-3 ၄၀ ဦး၊ Grade-4 ၂၄ ဦး၊Grade-5 ၁၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၃၈ ဦးရှိပြီး၊ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်သွားမည့်အကြောင်းများနှင့် ပတ်သက်၍ "ကျောင်းမှာက Rc တစ်ထပ်ကျောင်းဆောင်နှင့် အသားခင်း၊ အသားကာ တစ်ထပ်စာသင်ကျောင်းဆောင် စုစုပေါင်း စာသင်ဆောင် (၂)ဆောင်သာရှိပြီး အသားခင်း၊ အသားကာ စာသင်ကျောင်းဆောင်မှာ နှစ်ကာလကြာပြီဖြစ်သည့်အတွက် စာသင်ကြားရာတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အန္တရာယ်ရှိသဖြင့် အဆိုပါစာသင်ကျောင်းဆောင်အား ဖျက်သိမ်းပြီး တာဝန်ရှိသူများက နိုင်ငံတော် ခွင့်ပြုရန်ပုံငွေကျပ် ၅၅၉ ဒသမ ၁၈၃ သန်း အကုန်အကျခံကာ ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ် ပေးသွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြတ်သိန်းက ပြောပြသည်။ **(အပေါ်ဝဲပုံ)(၄၈၅)**

## လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃၅)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော "လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ"ကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် အမှတ်(၃၅)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြနှင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(ချမ်းမြေ့)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## I Did It My Way ဆိုက်ဘာမှုခင်း ဇာတ်ကားဖြစ်

ကိုရီးယားဇာတ်ကား I Did It My Way မှာ အင်တာနက် ဆိုက်ဘာကျူးလွန်မှုများအား ဖမ်းဆီးရေးအဖွဲ့ ICU ၏စုံစမ်းမှုများအကြောင်း ရိုက်ကူးထားသည့် ဆိုက်ဘာမှုခင်းဇာတ်ကားဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့ဝင်၏ စုံစမ်းချက်အရ အင်တာနက်တွင် မှောင်ခိုဝက်ဘ်ဆိုက်ထောင်ပြီး မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှုများစွာ လုပ်ကိုင်ခဲ့ရာမှ အာရှတိုက်အထိ ပျံ့နှံ့လာကာ မူးယစ်ရာဇာများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အိုင်စီယူက လက်ရှိဆိုက်ဘာပြစ်မှုစုံစမ်းမှုကို မြှင့်တင်ခဲ့ပြီး လောင်ပန်အမည်ရှိသူကို ဖမ်းဆီးခြင်းမပြုနိုင်သေး၍ ဟောင်ကောင်ပစ်မှတ်ဖြစ်လာကာ ဟောင်ကောင်ဆိုက်ဘာပြစ်မှု စုံစမ်းရေးအဖွဲ့များအတွင်း သူလျှိုများနှင့် ပူးပေါင်း၍ ဖမ်းဆီးပုံကို စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ပြထားသည်။

ဆိုက်ဘာမှုခင်းဇာတ်ကား ကြိုက်နှစ်သက်သူများအတွက် ဇာတ်ကားကောင်းတစ်ကားအဖြစ် မြင်တွေ့ကြရသည်။ (SKY)

## Jimin ၏ WHO ဂီတ တေလာဆွစ်ကို ကျော်၍ ပထမနေရာရ



ဘီတီအက်စ်အဖွဲ့ဝင် ဂျီမင်၏ တစ်ကိုယ်တော်ဂီတ WHO မှာ Global Digital Artist Ranking တွင် တေလာဆွစ်ကိုကျော်၍ ပထမနေရာရရှိသွားသည့် အင်္ဂလိပ်ဗားရှင်းနှင့် သီဆိုထားသည့်သီချင်းဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတဒစ်ဂျစ်တယ်ချပ်မှ စာရင်းများအရ ဂျီမင်၊ တေလာဆွစ်၊ ဘီလီအင်္ဂလိပ်ရှ်၊ အမ်မီနမ်၊ ဆာဘာနာကာပန်တာ၊ ကာရိဂျီ၊ ရက်ဒ်ရမ်နီတို့ အသီးသီးစာရင်းဝင်ခဲ့ကြသည်။

သမိုင်းတစ်လျှောက် ဘီတီအက်စ်အဖွဲ့သည် ဘီလ်ဘုတ်ကလိုဘယ် ၂၀၀ အဆိုတော်ချပ်တွင်လည်း နံပါတ်(၁)နေရာကို ဂျီမင်နှင့် ဂျောင်ဂုတို့နှစ်ဦး ပိုင်ဆိုင်ထားကြသည်။

ဂျီမင်က Us Itunes နှင့် UK offical Big Top 40 တွင်လည်း ပထမနေရာကို သိမ်းပိုက်နိုင်ခဲ့သည့် တစ်ကိုယ်တော် ကေပေါ့ပ်အဆိုတော် ဖြစ်ခဲ့သည်။ (SKY)



## Zhaolusi တိုက်ခိုက်ဝေဖန်မှုများစွာကြားမှ အောင်မြင်မှုရ

တရုတ်အနုပညာရှင် ကျန်းလူဆီ (ခေါ်)ရှိ့စ်ကျန့်သည် တိုက်ခိုက်ဝေဖန်မှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်ကြားမှပင် အောင်မြင်မှုရရှိနေသူဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်းလူဆီသည် အနုပညာအလုပ်ကို ကြိုးစားလုပ်ကိုင်နေရသော်လည်း ဝေဖန်တိုက်ခိုက်မှုများကြောင့် စိတ်ထိခိုက်ခဲ့ရကာ ကြီးမားသော အကောင်းမြင်စိတ်နှင့် သန်မာသူတစ်ဦးအဖြစ် ရင်ဆိုင်ကျော်ဖြတ်ခဲ့သူဖြစ်သည်။

ကျန်းလူဆီ၏ အောင်မြင်မှုနှင့်အတူ ပေးဆပ်ခဲ့ရသည့် သွေး၊ ချွေးများစွာအတွက် အချို့ပရိသတ်များက နားလည်မှုကင်းမဲ့စွာ အပြစ်မရှိအပြစ်ရှာ တိုက်ခိုက်မှုများရှိခဲ့သော်လည်း မယိုင်မလဲ၊ ခိုင်ကျည်သောစိတ်နှင့် အနုပညာခရီးကို ဆက်လျှောက်ခဲ့သည်။

အဆိုပါ တိုက်ခိုက်ဝေဖန်မှုများကြားမှပင် ကျန်းလူဆီကအောင်မြင်မှုများ တိုးပွားလာခဲ့ခြင်း ဖြစ်သည်။ (SKY)

## Kajal သမီးအပါအဝင် အိန္ဒိယအနုပညာရှင်များ မျက်နှာခွဲစိတ်မှု ပြုလုပ်ခဲ့ကြ



ဘောလိဝုဒ်အနုပညာ ကြယ်ပွင့်များဖြစ်ကြသည့် အဂျေးနှင့် ကာဂျိုးလ်တို့၏ တစ်ဦးတည်းသောသမီး နီဆားသည် မျက်နှာခွဲစိတ်မှု အောင်မြင်ခဲ့ပြီး အနုပညာရှင်များစွာလည်း ခွဲစိတ်မှုပြုလုပ်ထားကြသည်ဟု ဘောလိဝုဒ် အတ်ဒီတ်တွင် ဖော်ပြသည်။

အဂျေးနှင့်ကာဂျိုးလ်တို့သမီး နီဆားသည် အိန္ဒိယနာမည်ကြီး သူဌေးကြီး၏ မင်္ဂလာပွဲသို့ပင် မတက်ရောက်နိုင်ခဲ့ဘဲ မျက်နှာခွဲစိတ်မှု နောက်ဆုံးအဆင့် ပြုလုပ်ခဲ့သည်။

မိခင်ဖြစ်သူ ကာဂျိုးလ်နှင့်အတူ မျက်နှာခွဲစိတ်မှုပြုလုပ်ခဲ့ပြီး အောင်မြင်ခဲ့၍ အိန္ဒိယသို့ ပြန်လည်ရောက်ရှိလာကာ လေဆိပ်တွင် နီဆားက မျက်နှာကို မက်စ်နှင့်အုပ်ထားခဲ့သည်ကို တွေ့ကြရသည်။

လက်ရှိ အိန္ဒိယ အနုပညာရှင်များ မျက်နှာခွဲစိတ်ပြုပြင်မှုများ ခေတ်စားနေပြီး သဘာဝအလှစစ်များ ရှားပါးလာသည်ကို တွေ့ကြရသည်။ (SKY)



## လူလတ်ပိုင်းအရွယ်တွင် သစ်သီးများများစားပေးလျှင် အသက်ကြီးသောအခါ စိတ်ဖိစီးမှုလျော့ကျစေနိုင်

စိတ်ဖိစီးမှုသည် အသက်အရွယ်အရ၊ အလုပ်အကိုင်အခြေအနေအရ ယနေ့ခေတ်လူ့အဖွဲ့အစည်းတွင် အနည်းနှင့်အများ ကြုံတွေ့ရသော စိတ်ကျန်းမာရေးပြဿနာတစ်ရပ်ပင် ဖြစ်သည်။

စိတ်ဖိစီးမှုနှင့် ဓာတ်စာတို့အကြား ဆက်နွှယ်နေပုံကို စင်ကာပူနိုင်ငံအမျိုးသားတက္ကသိုလ်ဆေးကျောင်းမှ ကျန်းမာစွာ အသက်ရှည်ခြင်းဆိုင်ရာ ဘာသာပြန်သုတေသနအစီအစဉ်မှ ပါမောက္ခ ကိုးဝန်းဖွေ ဦးဆောင်သော သုတေသီများ မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ လူလတ်ပိုင်းအရွယ်တွင် သစ်သီးများများစားပေးလျှင် အသက်ကြီးသောအခါ စိတ်ဖိစီးမှုလျော့ကျစေနိုင်လိမ့်မည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ အဆိုပါ သုတေသီများအနေဖြင့် အသက် ၄၀မှ ၆၅နှစ်အရွယ် လူလတ်ပိုင်းအရွယ် ၁၃၀၀၀ ကျော်တို့၏ စားသောက်နေထိုင်ပုံကို အခြေခံပြီး သုတေသနပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Ma Li အကောင်းဆုံးမင်းသမီးဆုကို Hundred Flowers Awards တွင် ရရှိသွား



တရုတ်အနုပညာလောကမှ အမြင့်ဆုံးဆုတစ်ခုဖြစ်သည့် Hundred Flowers Awards ဆုပေးပွဲတွင် အကောင်းဆုံး မင်းသမီးဆုရှင် မာလီကို ဖက်ရှင်သစ်နှင့် ဆုပေးပွဲတက်ရောက်ခဲ့သည်ကို မြင်တွေ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မာလီသည် အဖြူဖျော့ဖျော့ဖက်ရှင်စတိုင်နှင့် စတိုင်ကျကျဝတ်ဆင်၍ ဆုပေးပွဲတွင် အကောင်းဆုံး မင်းသမီးဆုကို ရရှိသွားကာ သူနှင့်အတူ ဆန်ခါတင် စာရင်းဝင်ခဲ့သည့် The Wondering Earth-2 မှ မင်းသမီးဝမ်ရှီက အနက်ရောင် ဖက်ရှင်စတိုင်နှင့် တက်ရောက်ခဲ့သည်။

ဇာတ်ပို့ဆုဆန်ခါတင်ဝင်ခဲ့သော ဂျက်ဆီမန်မှာလည်း ဆန်းသစ်သည့် ဖက်ရှင်ဒီဇိုင်းကြောင့် စိတ်ဝင်စားမှု ရရှိခဲ့ကာ ဂေါင်ရီ၏ပွဲတက်ပုံရိပ်ကို ပရိသတ်ပန်းပွင့်ဒီဇိုင်းနှင့်မြင်တွေ့ရကာ ကလေးသရုပ်ဆောင် မျက်နှာသစ် ဆန်ခါတင် ယောင်းအာယူကိုလည်း ပန်းရောင်ဖက်ရှင်နှင့် တွေ့ခဲ့ကြရသည်။ (SKY)

## SNSD မှ Jihyo က Girl's Generation အဖွဲ့ဝင်ဖြစ်လာနိုင်ချေရှိ



ကေပေါ့ပ်အဖွဲ့ဝင်ဂျီဟိုသည် အက်စ်အမ်အင်တာတိန်းမင့်နှင့် လေ့ကျင့်ခဲ့ပြီး အက်စ်အင်န်အက်စ်ဒီနှင့် ပွဲဦးထွက်ခဲ့ကာ အဖွဲ့ဝင်များ အချစ်ခံရပြီးနောက် ဂဲလ်ဂျန်နရေးရှင်းအဖွဲ့ဝင်တစ်ဦး ဖြစ်လာနိုင်သည်အထိ အရည်အချင်းပြည့်မီခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဟိုသည် အက်စ်အမ်တွင် လေ့ကျင့်ခဲ့ပြီးမှ ဂျေဝိုင်ပီအင်တာတိန်းမင့်သို့ ရောက်ရှိလာပြီး အဖွဲ့ဝင်များက ချစ်ခင်ကြကာ ဂီတစွမ်းရည်လည်းရှိသည်ဟု အက်စ်အင်န်အက်စ်ဒီအဖွဲ့ဝင် ဟိုရွှန်က မှတ်ချက်ပေးထားသည်။

ဂျီဟိုက အက်စ်အမ်မှ မထွက်ဖြစ်ခဲ့လျှင် အက်စ်အင်န်အက်စ်ဒီနှင့်အတူ ဂီတပွဲတွင် ပါဝင်မည်ဖြစ်ပြီး ဂျေဝိုင်ပီရောအက်စ်အမ်အင်တာတိန်းမင့်ကပါ အလိုရှိသူဖြစ်နေပြီး မကြာမီ ဂဲလ်ဂျန်နရေးရှင်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်လာလိမ့်မည်ဟု ပရိသတ်များက မှတ်ချက်ပေးထားကြသည်။ (SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## အသက် ၃၇ နှစ်အရွယ် ပေတွန်တန်ရှီနာဝါထရာ ထိုင်းဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရ

**ဘန်ကောက် ဩဂုတ် ၁၆**

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှီနာဝါထရာ၏အငယ်ဆုံး သမီးဖြစ်သူ အသက် ၃၇ နှစ်အရွယ် ပေတွန်တန်ရှီနာဝါထရာ ထိုင်းဝန်ကြီးချုပ်အဖြစ် ဩဂုတ် ၁၆ ရက်တွင် တင်မြှောက်ခြင်းခံရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆရက်သာသာဗီဆန်ကို ထိုင်းဖွဲ့စည်းပုံခုံရုံးက ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခဲ့ပြီး ၂ ရက်အကြာတွင် လက်ရှိထိုင်းနိုင်ငံ၌ အများအားပေးထောက်ခံမှုအများဆုံး ရရှိနေသော ဖူထိုင်းပါတီက ပေတွန်တန်နှင့် ချိုင်ကာဆမ်နိုတိဆီရီတို့နှစ်ဦးအနက်မှ ဝန်ကြီးချုပ်လောင်းအဖြစ် ပေတွန်တန်ကို ရွေးကောက်ခဲ့သည်။

ဩဂုတ် ၁၆ ရက် ထိုင်းစံတော်ချိန် နံနက် ၁၀ နာရီက ဘန်ကောက်မြို့တော်၌ ကျင်းပသော ပါလီမန်အစည်းအဝေးတွင် အမတ်များက ၎င်းကို ထိုင်းဝန်ကြီးချုပ်အဖြစ် မဲခွဲဆုံးဖြတ်ပြီး ဆက်လက်တင်မြှောက်လိုက်ကြသည်။

ပေတွန်တန်ရှီနာဝါထရာကို ထိုင်းပါလီမန်တွင် ထောက်ခံမဲ ၃၁၉ မဲ၊ ကန့်ကွက်မဲ ၁၄၅ မဲဖြင့် ဝန်ကြီးချုပ်အဖြစ် အတည်ပြုတင်မြှောက်လိုက်ကြခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံတွင် တက္ကသိုလ်ပညာသင်ယူခဲ့ဖူးသော ပေတွန်တန်အနေဖြင့် ၂၀၂၁ ခုနှစ်ရောက်မှသာ ဖူထိုင်းပါတီဝင်ဖြစ်ကာ ထိုင်းနိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ထိုပါတီ၏ဥက္ကဋ္ဌ ဖြစ်လာသည်။

ကိုယ့်ကိုကိုယ် အတော်ဆုံး၊ ပါရမီအရှိဆုံးလူ မဟုတ်ဟု မှတ်ယူထားသော်လည်း မိမိတွင် ပြင်းပြသောဆန္ဒရှိပြီး မိမိတို့အဖွဲ့သားများသည် အတွေ့အကြုံရင့်ကျက်ကာ သန္နိဋ္ဌာန်ခိုင်မာသူများဖြစ်သဖြင့် ထိုစုဖွဲ့မှုကို မိမိအလွန်တန်ဖိုးထားသည်ဟု ပေတွန်တန်က သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## ဂျိုးဘိုင်ဒင်နှင့်ကာမာလာတို့နှစ်ဦးကို ပူးတွဲလျက် မေရီလန်းပြည်နယ် လာဂိုမြို့တွင် တွေ့မြင်ရ

**ဝါရှင်တန် ဩဂုတ် ၁၆**

မေရီလန်းပြည်နယ် လာဂိုမြို့ရှိ မင်းသားကြီးဂျော့ချ် အသိုက်အမြုံကောလိပ်၌ ဩဂုတ် ၁၅ ရက်က ဂျိုးဘိုင်ဒင်နှင့်ကာမာလာဟဲရစ်တို့နှစ်ဦးကို ပူးတွဲလျက် တွေ့မြင်ခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတဂျိုးဘိုင်ဒင်က ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ်မှ နုတ်ထွက်ကာ ဒုတိယသမ္မတ ကာမာလာဟဲရစ်ထံသို့ လွှဲပြောင်းပေးလိုက်ပြီးနောက်ပိုင်းတွင် ၎င်းတို့နှစ်ဦးကို ပရိသတ်ရှေ့မှောက်၌ ပထမဆုံးအကြိမ် ပူးတွဲမြင်တွေ့ရခြင်းဖြစ်သည်။



ထိုသို့မြင်တွေ့ရစဉ် အမေရိကန်ပင်စင်စားများအတွက် ဆီးချို၊ သွေးတိုးနှင့် နှလုံးရောဂါဆိုင်ရာ ဆေးဝါးများကို ဈေးနှုန်းလျှော့ချပေးရန် မိမိစွမ်းဆောင်ပေးခဲ့ကြောင်း ဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားသည်။

၎င်းတို့နှစ်ဦး၏ ညီညွတ်ရေးကို ပြသရာရောက်သော ယင်းပူးတွဲတွေ့ဆုံခြင်းသည် လာမည့် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးနေသော ကာမာလာဟဲရစ်အတွက် အင်အားဖြစ်စေလိမ့်မည်ဟု ဒီမိုကရက်တစ်အင်အားစုဝင်များက သုံးသပ်သည်။

နယူးဂျာစီပြည်နယ်ရှိ မိမိပိုင်ဆိုင်သော ဂေါက်ကွင်းတွင် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် သတင်းစာရှင်းလင်းပွဲမပြုလုပ်မီ နာရီပိုင်းအလိုတွင် ဂျိုးဘိုင်ဒင်နှင့်ကာမာလာတို့နှစ်ဦးကို ပူးတွဲတွေ့မြင်ကြရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## စင်ကာပူနိုင်ငံ၏ အဓိက ပြည်ပပို့ကုန်ပမာဏ ဇူလိုင်လတွင် ၁၇ ရာခိုင်နှုန်းကျော်မြင့်တက်

**စင်ကာပူ ဩဂုတ် ၁၆**

စင်ကာပူနိုင်ငံ၏ အဓိက ပြည်ပပို့ကုန်ပမာဏသည် လွန်ခဲ့သောဇူလိုင်လတွင် ၁၇ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် ဖော်ပြသည်။

ဇွန်လတွင် ထိုပို့ကုန်ပမာဏ ၈ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျုံ့ဝင်သွားခဲ့သော်လည်း ဇူလိုင်လတွင် ၁၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

အီလက်ထရောနစ်ပစ္စည်းများသာမက အခြားပို့ကုန်များလည်း ပမာဏသိသာစွာမြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု စင်ကာပူပို့ကုန်လုပ်ငန်းဆိုင်ရာ ပြောခွင့်ရသူက ရှင်းပြကြောင်း သိရသည်။

**Mon**

## နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်နိုင်ရန် မြောက်ကိုရီးယားက နယ်စပ်ဂိတ်များ ပြန်ဖွင့်ပေးမည်

**ပြုံယမ်း ဩဂုတ် ၁၆**

လာမည့်ဒီဇင်ဘာလမှစတင်၍ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရန် နယ်စပ်ဂိတ်များ ပြန်ဖွင့်ပေးမည်ဖြစ်သည်ဟု မြောက်ကိုရီးယားက ဩဂုတ် ၁၄ ရက်တွင် အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကိုဗစ် ၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် အထူးသဖြင့် ပြည်ပမှဝင်ရောက်လာမည့်ခရီးသွားဧည့်သည်များကို နယ်စပ်ဂိတ်များဖြတ်သန်းမလာစေရန် မြောက်ကိုရီးယားအစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ်အစောပိုင်းကတည်းက ပိတ်ပင်တားမြစ်ခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံ၏ ရှခင်းလှပသာယာသော ဆမ်ဂျီယွန်တောင်ပေါ်မြို့သို့ လာရောက်လည်ပတ်ခွင့်ရတော့မည်ဟု တရုတ်အခြေစိုက် ခရီးသွားလုပ်ငန်းများက အတည်ပြုကြေညာထားသည်။


မြောက်ကိုရီးယားနိုင်ငံမြောက်ပိုင်းနယ်စပ်ရှိ အဆိုပါတောင်ပေါ်မြို့သို့ တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည်အများစု လာရောက်လည်ပတ်လေ့ရှိခဲ့သည်။

မြောက်ကိုရီးယားအစိုးရက ပိတ်ထားသော နယ်စပ်ဂိတ်များကို ခရီးသွားလုပ်ငန်းအတွက် ပြန်ဖွင့်ရန် စီစဉ်ရာတွင် အမေရိကန်နိုင်ငံသားများ သွားရောက်လည်ပတ်ခြင်းမပြုရန် အမေရိကန်အစိုးရက ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။

**Mon**



ပွါတိုရီကိုနိုင်ငံ တိုဝါဘာဂျာဒေသတွင် အာနက်စတို အပူပိုင်းမုန်တိုင်း နောက်ဆက်တွဲ မိုးသည်းထန်မှုကြောင့် လာပလာတာမြစ်ကူးတံတားပေါ်အထိ မြစ်ရေလွှမ်းသွားသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။ **Mon**



## တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းအရှေ့မြောက်ပိုင်းတွင် ၅ ဒသမ ၇ ရစ်ချ်တာစကေးပြင်းအားရှိ ငလျင်လှုပ်

**ပေကျင်း ဩဂုတ် ၁၆**

တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းအရှေ့မြောက်ပိုင်းတွင် ဩဂုတ် ၁၅ ရက်က ၅ ဒသမ ၇ ရစ်ချ်တာစကေးပြင်းအားရှိသော မြေငလျင်လှုပ်ရှားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီကျော်ခန့်တွင် ယီလန်စီရင်စုနယ်ကို ဗဟိုပြုကာ ထိုမြေငလျင်လှုပ်ရှားခဲ့ခြင်းဖြစ်ကြောင်း ထိုင်ဝမ်ကျွန်းရှိ ဒေသခံများက အတည်ပြုသည်။

မြေအောက် ၉ ကီလိုမီတာအနက်ကို ဗဟိုပြုကာ လှုပ်ရှားခဲ့သော ယင်းမြေငလျင်ဒဏ်ကြောင့် တိုင်ပေမြို့ရှိ တိုက်တာအဆောက်အအုံများ ယိမ်းထိုးလှုပ်ရှားသွားရုံမှအပ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။ **Mon**

## အာဖရိကပြင်ပ၌ဖြစ်ပွားသော မျောက်ကျောက်ရောဂါ ဆွီဒင်နိုင်ငံတွင် ပထမဆုံးတွေ့ရှိရသည်ဟု အတည်ပြု

**စတော့ဟုမ်း ဩဂုတ် ၁၆**

အာဖရိကပြင်ပ၌ဖြစ်ပွားသော မျောက်ကျောက်ရောဂါကို ဆွီဒင်နိုင်ငံတွင် ပထမဆုံးတွေ့ရှိရသည်ဟု ဩဂုတ် ၁၅ ရက်တွင် ဆွီဒင်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မျောက်ကျောက်ရောဂါနှစ်မျိုးရှိသည့်အနက် အသားချင်းထိတွေ့ရုံမျှဖြင့် ကူးစက်နိုင်သော ပထမရောဂါအမျိုးအစားကို စစ်ဆေးတွေ့ရှိရခြင်းဖြစ်ကြောင်း ဆွီဒင် ကျန်းမာရေးနှင့်လူမှုရေးဝန်ကြီး ဂျကော့ဖောစမက်က သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုသည်။

ကွန်ဂိုနိုင်ငံတွင် ထိုရောဂါ



ကူးစက်ခံရသူဦးရေမြင့်တက်လာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါ ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ဒုတိယအကြိမ်မြောက် ကြေညာခဲ့ပြီးနောက် တစ်ရက်တွင် ဆွီဒင်နိုင်ငံ၌ ထိုရောဂါကူးစက်ခံရသူတစ်ဦး တွေ့ရသည်ဟု အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ထိုရောဂါဖြစ်ပွားနေသော နိုင်ငံသို့ ခရီးထွက်ရာမှ ပြန်ရောက်လာသူ ကူးစက်ခံခဲ့ရခြင်းဖြစ်ပြီး စတော့ဟုမ်းမြို့တော်တွင် ဆေးဝါးကုသမှုခံယူနေကြောင်း ဆွီဒင်လူထုကျန်းမာရေးဌာန ပြောခွင့်ရသူက ရှင်းပြသည်။

လူအများကူးစက်ခံရလောက်အောင် အန္တရာယ်မရှိသေးဟု ဥရောပရောဂါတားဆီးကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဌာနက သုံးသပ်ကြောင်း သိရသည်။ **Mon**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



**သာစည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံပညာဦးစီးဌာန၊ ခရိုင်ပညာရေးမှူးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်းခွဲ မိတ္ထီလာခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက သာစည်မြို့၊ ရပ်ကွက်(၇)၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းခွဲ အလုပ်အမှုဆောင် ဒေါ်မြတ်ဝါမင်းက မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါး အန္တရာယ်နှင့် HIV/AIDS ရောဂါ အကြောင်းကိုလည်းကောင်း၊ အလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းလွင်က မူးယစ်ဆေးဝါး ပြန်လည်သုံးစွဲခြင်းမှ ကာကွယ်ခြင်းတို့ကို ဟောပြောကြပြီး တက်ရောက်လာသူများ၏ သိလိုသည်များမေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဟောပြောပွဲကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွဲ့လွဲ့စိမ်းနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၇၀)



## ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**ဥတ္တရသီရိ ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၌ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ထို့သို့ဆောင်ရွက်ရာတွင် ဥတ္တရခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဝင် ဌာနများဖြစ်ကြသော ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်၊ ဇလောင်းကျေးရွာရှိ ရတနာဆန်စက်၊ ကျော်ဆီစက်နှင့် အောင်ချမ်းသာကျေးရွာရှိ Nature ဝါးတူလုပ်ငန်းများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၁၆**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို-မန္တလေး) (AEDA Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၆လမ်းနှင့်၆၇ လမ်းကြား၊ ၁၁လမ်းရှိ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမျိုးမျိုးလွင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို-မန္တလေး)မှ အသင်းအမှုဆောင် ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း အသိပညာပေး ဟောပြောကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင်များဖြစ်သော ဒေါ်သင်းသင်းဦး၊ ဦးဝင်းမင်းလှိုင်တို့က မေးခွန်းများမေးမြန်းပြီး ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ကြပြီး မူးယစ်ဆေးဝါးမသုံးစွဲစေရန် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သန္နိဋ္ဌာန်ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)



## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူ့ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း(၆ ဒသမ ၁၇၅၀)တန်၊ သစ်မာ(၀ ဒသမ ၅၈၆၄)တန်၊ အခြား(၁၉ ဒသမ ၆၉၄၀)တန်၊ စုစုပေါင်း(၂၆ ဒသမ ၄၅၅၄)တန်၊ ယာဉ်၊ ယန္တရား သုံးစီး၊ တရားခံငါးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့၊ ဇရာဝတီတံတား စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက် ရှိသည်။ (အောက်ပုံ)

ထို့အတူ ဩဂုတ် ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ် ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Deer May-ble Tiles(၁၄၄၈ ဒသမ ၀၇) စတုရန်းမီတာနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း၊ သံရွာစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Hi-fly ကားတာယာ ၁၃၆ လုံး၊ DC Type ဖုန်းအားသွင်းကြိုး ၃၆၀၀၀ အပါအဝင် ကုန်ပစ္စည်း ၁၅ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်ဩဂုတ် ၂၅ ရက်တွင်အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "nandar10811" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ နန္ဒာ(ခ)မိဝဲအား မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မြန်အောင်မြို့မစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ကျေးရွာသုံးရွာမှ ဒေသခံပြည်သူ ၆၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁၆

ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိကျေးရွာသုံးရွာမှ ဒေသခံပြည်သူ ၆၀ ကျော်ကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကိုတွေ့ရသည်။

### လုပ်ဆောင်မှုမရှိ

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၅ ရက်တွင် ဂွမြို့နယ်တွင်း သောင်းကျန်းသူများစိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရေး လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများကို အဓမ္မခြိမ်းခြောက် ဖမ်းဆီးခေါ်ဆောင်ခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုံခြုံရေးဆောင်ရွက်ရာ နေရာဒေသများအနီးရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကိုဖမ်းဆီးခြင်းစသည့် လှုံ့ဆော်ဝါဒဖြန့် သတင်းမှားများဖြင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းပညာရေးမှူးရုံးတို့ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး (ငြိမ်း)က နှုတ်ခွန်းဆက်စကားနှင့် မူးယစ်ဆေးဝါး အမျိုးအစားများအကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက ယနေ့လူငယ်များနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဦးအောင်ကျော်စွာက Vape အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဒေါ်သဲဇာခြည်မောင်က Party Drugs အန္တရာယ်အကြောင်းတို့ကို အသီးသီး ဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများမှ မေးခွန်းများ မေးမြန်းကြရာ ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ MANA အသင်းမှ လက်ကမ်းစာစောင်များ ဝေငှပြီး ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မန္တလေးနေ့စဉ် ၆**






## ဂွန်ကာလိုအင်နာစီယိုအား ခေါ်ယူရန် လီဗာပူးအသင်း စိစဉ်

**လီဗာပူး ဩဂုတ် ၁၆**

လီဗာပူးအသင်းသည် စပို့တင်းလစ္စဘွန်းအသင်း နောက်ခံကစားသမား ဂွန်ကာလိုအင်နာစီယိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၃ ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန်စီစဉ်လာခြင်းဖြစ်သည်။**(အပေါ်ပုံ)**

စပို့တင်းလစ္စဘွန်းအသင်းကလည်း ဂွန်ကာလိုအင်နာစီယိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းထံမှ ဂွန်ကာလိုအင်နာစီယိုအားရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## မားကို့ရုစ်အား LA Galaxy အသင်း ခေါ်ယူ

**ဝါရှင်တန် ဩဂုတ် ၁၆**

မေဂျာလိဂ်ကလပ် LA Galaxy အသင်းသည် ဒေါ့မွန်အသင်းနှင့် လမ်းခွဲထားသည့် ဝါရင့်ကွင်းလယ်တိုက်စစ်ကစားသမား မားကို့ရုစ်အား နှစ်နှစ်ခွဲစာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ကစားသမားဘဝတွင် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၉ ပွဲကစားကာ ၁၇၀ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် LA Galaxy အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

အသက်(၃၅)နှစ်အရွယ်ရှိ မားကို့ရုစ်က "ကျွန်တော် LA Galaxy အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ LA Galaxy အသင်းအောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**




## ဘရာဂျန်ဂရူဒါအား လေးနှစ်စာချုပ်ဖြင့် ဘရိုက်တန်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၆**

ဘရိုက်တန်အသင်းသည် မိန့်ဇ်အသင်း ကွင်းလယ်ကစားသမား ဘရာဂျန်ဂရူဒါအားပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မိန့်ဇ် အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂ ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




ဘရိုက်တန်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Nadia Podoroska တက်ရောက်

**လန်ဒန် ဩဂုတ် ၁၆**

ကိုလံဘီယာနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska တက်ရောက်ခဲ့သည်။

အဆိုပါ အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska သည် 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျော်ဂျီယာတင်းနစ်မယ် Mariam Bolkvadze အား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska နှင့် ယူကရိန်းတင်းနစ်မယ် Anastasiya Sobolieva တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

ဩဂုတ် ၁၇ ရက်(စနေနေ့)ညပွဲစဉ်များ

### အစ်ဆွစ်ချ် - လီဗာပူး

ညနေ ၆း၀၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၉၉၄-၉၅ | အစ်ဆွစ်ချ် | ၁-၃ | လီဗာပူး | ၀-၁ | အစ်ဆွစ်ချ် |
| ၂၀၀၀-၀၁ | ။ | ၁-၁ | ။ | ၀-၁ | ။ |
| ၂၀၀၁-၀၂ | ။ | ၀-၆ | ။ | ၅-၀ | ။ |

**နှစ်သင်း၏နောက်ဆုံးခြေစမ်းပွဲရလဒ်များ**

| | | | | | |
|---|---|---|---|---|---|
| အစ်ဆွစ်ချ် | ၁-၂ | အက်ဆယ်လ်ဒေါ့ဖ် | လီဗာပူး | ၁-၀ | ဘက်တစ် |
| ။ | ၁-၀ | ဟော့ဖ်ဟိမ်း | ။ | ၂-၁ | အာဆင်နယ် |
| ။ | ၁-၀ | နိစ် | မန်ယူ | ၀-၃ | လီဗာပူး |
| | | | လီဗာပူး | ၄-၁ | ဆီဗီလာ |

လီဗာပူးတို့ အဝေးကွင်းတွင် ဖြစ်သော်လည်း အဖွင့်ပွဲစဉ်၌ အစ်ဆွစ်ချ်ကို ပြတ်သားစွာ အနိုင်ယူပြမည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

အစ်ဆွစ်ချ်–နိုင်၊နိုင်၊ရှုံး၊နိုင်၊နိုင် လီဗာပူး–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်

### အာဆင်နယ် - ဝုဖ်

ည ၉း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၁-၂၂ | အာဆင်နယ် | ၂-၁ | ဝုဖ် | ၀-၁ | အာဆင်နယ် |
| ၂၀၂၂-၂၃ | ။ | ၅-၀ | ။ | ၀-၂ | ။ |
| ၂၀၂၃-၂၄ | ။ | ၂-၁ | ။ | ၀-၂ | ။ |

**နှစ်သင်း၏နောက်ဆုံးခြေစမ်းပွဲရလဒ်များ**

| | | | | | |
|---|---|---|---|---|---|
| လီဗာပူး | ၂-၁ | အာဆင်နယ် | ပဲလေ့စ် | ၃-၁ | ဝုဖ် |
| အာဆင်နယ် | ၄-၁ | လေဗာကူဆင် | ဝုဖ် | ၃-၀ | လိုက်ပဇစ် |
| အာဆင်နယ် | ၂-၀ | လိုင်ယွန် | ဝုဖ် | ၀-၁ | ဗယ်လက်ကာနို |

အာဆင်နယ်တို့ အိမ်ကွင်း အဖွင့်ပွဲစဉ်၌ ဝုဖ်ကို ပြတ်သားစွာ အနိုင်ယူပြမည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

အာဆင်နယ်–နိုင်၊ရှုံး၊ရှုံး၊နိုင်၊နိုင် ဝုဖ်–ရှုံး၊နိုင်၊ရှုံး၊နိုင်၊ရှုံး

## အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၄ စနေနေ့ | ည၉း၃၀နာရီ | အဲဗာတန် - ဘရိုက်တန် | အဲဗာတန် ၁-၁ ဘရိုက်တန်<br>ဘရိုက်တန် ၁-၁ အဲဗာတန် |
| ။ | ။ | နယူးကmaterial ဆယ် - ဆောက်သမ်တန် | နယူးကာဆယ် ၃-၁ ဆောက်သမ်တန်<br>ဆောက်သမ်တန် ၁-၄ နယူးကာဆယ် |
| ။ | ။ | နော်တင်ဟမ် - ဘုန်းမောက် | နော်တင်ဟမ် ၂-၃ ဘုန်းမောက်<br>ဘုန်းမောက် ၁-၁ နော်တင်ဟမ် |
| ။ | ည၁၁း၀၀နာရီ | ဝက်စ်ဟမ်း - ဗီလာ | ဝက်စ်ဟမ်း ၁-၁ ဗီလာ<br>ဗီလာ ၄-၁ ဝက်စ်ဟမ်း |

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၄ စနေနေ့ | ည၉း၃၀နာရီ | ဘရက် - မာဆေး | ဘရက် ၁-၀ မာဆေး<br>မာဆေး ၂-၀ ဘရက် |
| ။ | ည၁၁း၃၀နာရီ | ရမ်းစ် - လိုင်လီ | ရမ်းစ် ၀-၁ လိုင်လီ<br>လိုင်လီ ၁-၂ ရမ်းစ် |
| ၁၈-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၁း၁၅နာရီ | မိုနာကို - စိန့်အက်တီယန် | မိုနာကို ၃-၁ စိန့်အက်တီယန်<br>စိန့်အက်တီယန် ၁-၄ မိုနာကို |

## အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၄ စနေနေ့ | ည၁၁း၀၀နာရီ | ဂျီနိုအာ - အင်တာမီလန် | ဂျီနိုအာ ၁-၁ အင်တာမီလန်<br>အင်တာမီလန် ၂-၁ ဂျီနိုအာ |
| ။ | ။ | ပါမား - ဖီအိုရင်တီးနား | ပါမား ၀-၀ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၃-၃ ပါမား |
| ၁၈-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၁း၁၅နာရီ | အမ်ပိုလီ - မွန်ဇာ | အမ်ပိုလီ ၃-၀ မွန်ဇာ<br>မွန်ဇာ ၂-၀ အမ်ပိုလီ |
| ။ | ။ | ဗေရိုနာ - တိုရီနို | ဗေရိုနာ ၄-၁ တိုရီနို<br>တိုရီနို ၃-၁ ဗေရိုနာ |

## စပိန်လာလီဂါ အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၄ စနေနေ့ | ည၁၁း၃၀နာရီ | အိုဆာဆူနာ - လီဂါနက်စ် | အိုဆာဆူနာ ၂-၁ လီဂါနက်စ်<br>လီဂါနက်စ် ၀-၁ အိုဆာဆူနာ |
| ၁၈-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၂း၀၀နာရီ | ဗလင်စီယာ - ဘာစီလိုနာ | ဗလင်စီယာ ၁-၁ ဘာစီလိုနာ<br>ဘာစီလိုနာ ၄-၂ ဗလင်စီယာ |

## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၄ စနေနေ့ | ညနေ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၆)အားကာ/သိပ္ပံ - ရန်ကုန်(၃)<br>(W,L,W,W,L) (W,D,W,D,W) | အားကာ/သိပ္ပံ ၀-၄ ရန်ကုန်<br>ရန်ကုန် ၄-၁ အားကာ/သိပ္ပံ |

## ရောမင်းစပါးဧက ၂၃၀၀၀ ကျော် စိုက်ပျိုး

ကျွန်းလှ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင်၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် ရောမင်းစပါး ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးထားသည်။

"မိုးစပါးကို ဇူလိုင်လမှာ စတင်စိုက်ပျိုးကြတာပါ။ ဒီနေ့အထိ ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးရန်လျာထားရာ လက်ရှိတွင် ရောမင်းစပါးဧက ၂၃၀၀၀ ကျော် စိုက်ပျိုးထားပြီး ဖြစ်သည်။ပြီးခဲ့သည့်နှစ်က ကျွန်းလှမြို့နယ်တွင် မိုးစပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက ၇၃ ဒသမ ၅၉ တင်းထွက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်ကြပြီး ယခုနှစ် မိုးစပါး စိုက်ပျိုးရန် ချောင်းပိတ်၊ မြောင်းပိတ်၊ မြေအောက်ရေတင်ကာ တောင်သူတွေ စိုက်နည်းစနစ်မျိုးစုံဖြင့် စိုက်ပျိုးနေကြခြင်း ဖြစ်ကြောင်း သိရသည်။ (၃၉၄)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ ကောက်ယူရေးနှင့်ပတ်သက်၍ ဆွေးနွေး



အမရပူရ ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးတွင် ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် စာရေးများ ပါဝင်ရမည့်အခန်းကဏ္ဍများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ရှင်းလင်းဆွေးနွေးခဲ့သည်။

သန်းခေါင်စာရင်းတွင်အသုံးပြုရန် Tablet များရောက်ရှိနေပြီဖြစ်ကြောင်း၊ ဟောပြောပွဲ မပြုလုပ်ရသေးသည့်ကျေးရွာများ သိရှိစေရန်အတွက်လည်းကောင်း၊ ဗဟိုအဆင့် နည်းပြသင်တန်းများ ပို့ချပြီးဖြစ်၍ တိုင်းအဆင့်သင်တန်းများအား ဩဂုတ် ၁၉ ရက်တွင် သင်တန်းများပို့ချသွားမှာဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၃၀၀ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအနီး လွှတ်တော်အဆောက်အဦးဟောင်းတွင် ၁၂ ရက်တိတိ ဗဟိုအဆင့် သင်တန်းတက်ရောက်ခဲ့သူများက ထပ်ဆင့်ပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံက သိရသည်။ (အပေါ်ဝဲပုံ)

စိုးသီဟ(အမရ)

## ရှင်ငယ်ကျေးရွာတွင် (ပဌမအကြိမ်) ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ချေးငွေများ ထုတ်ချေးပေး



ကျောက်ဆည် ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိရေး၊ ရရှိသောငွေကြေးအရင်းအနှီးဖြင့် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရေး၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာမှပိုင်ဆိုင်သော မ,တည်ရန်ပုံငွေထူထောင်၍ ငွေကြေးအရင်းအမြစ်ရရှိစေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှင်ငယ်ကျေးရွာ ပြည်သူများထံသို့ (ပဌမအကြိမ်) ကျေးရွာမ,တည်ရန်ပုံငွေ စီမံကိန်းချေးငွေများ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

စီမံကိန်းငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ရန်ပုံငွေများ မှန်မှန်တိုးပွားရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် စီမံကိန်းလမ်းညွှန်များအတိုင်း စနစ်တကျဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ထမ်းများ တာဝန်ရှိသူများနှင့်အတူ ပန်းခွာကျေးရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူ ၁၀၉ ဦးအတွက် ငွေကျပ် ၂၅၆၅၀၀၀၀၊ မွေးမြူရေးလုပ်ကိုင်သူပြည်သူ ၃၉ ဦးအတွက် ငွေကျပ် ၇၃ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ပြည်သူ ၁၀ ဦးအတွက် ငွေကျပ် ၃၀၅၀၀၀၀ တို့အား လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ချေးငွေများအပြင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများလည်း ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

(၄၈၅)

## ပြည်သူ့ဆေးရုံတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေး

သရက် ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး၊သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့ စစ်ဆေးပေးခြင်းဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချိုဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) ဇော်ထက်(သရက်)



## ဒေသထွက် ဖရဲသီးများ အရောင်းအဝယ်လိုက်

ရေနံချောင်း ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် စိုက်သောဖရဲသီးများ အရောင်းအဝယ်လိုက်(သွက်)နေကြောင်း သစ်သီးဝလံဈေးကွက်နှင့် တောင်သူအချို့ထံက သိရသည်။

"ယခုတစ်ပတ်တွင် ဖရဲသီး လှိုင်လှိုင်ပေါ်နေပြီး ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀အတွင်း ရောင်းရပါတယ်။ ဈေးအနေနဲ့ ကျောက်စိမ်းဖရဲအသေးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ ရောင်းရတယ်။ ယခင်နှစ်ကထက် ဖရဲသီးတစ်လုံးကို ပျမ်းမျှငွေကျပ် ၁၅၀၀ ဈေးပိုရတဲ့အတွက် ဈေးကောင်းရတယ်"ဟု ရေနံချောင်းမြို့ပေါ် ဈေးကွက်သို့ တင်ပို့ရောင်းချသူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်မှာ ဖရဲသီးကို မန္တလေးဘက်မှဝင်ရောက်မှုမရှိခြင်းကြောင့် ဒေသထွက် ဖရဲသီးများ အရောင်းအဝယ်လိုက်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၇၂)



## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

မန္တလေး ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအသိပညာပေး၊ ဟောပြောပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၁၆**

မန္တလေး၊ အမရပူရမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမရပူရမြို့နယ်ရှိ တောတွင်ကျေးရွာအုပ်စု၊ စာကလေးအင်း ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ ကျင်းပသည်။

အဆိုပါအသိပညာပေး ဟောပြောပွဲတွင် သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား ပြည်သူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းကအကျယ်တဝင့် အသိပညာပေး ဟောပြောသည်။ တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ပြန်လည်ဖြေကြားသည်။



ထို့နောက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)စိုးသီဟ(အမရ)**



# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

**ညောင်ဦး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနော်ရထာခန်းမ၌ ယမန်နေ့ နံနက် ၉နာရီက ကျင်းပသည်။

(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲဖွင့်ပွဲအား ညောင်ဦး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ခေတ္တမြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ဝင်းနှင့်မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ညောင်ဦး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအမှာ စကားပြောကြားသည်။

ထို့နောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကို ဘာသာရပ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များအား အကဲဖြတ်ဒိုင်အဖွဲ့က ရွေးချယ်ပေးခဲ့ကြသည့် မြို့နယ်ထူးချွန်ဆု ရရှိကြသူများအား ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမ၊ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများ အားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၁)**

# ဝါခင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဝါခင်းကြီးကျေးရွာ၌ အဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ဝါခင်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦးကို ငွေ ၁၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၆ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို ငွေကျပ် ၄၈ ဒသမ ၄ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၄၅)**



# မဟာအောင်မြေမြို့နယ်တွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီမှကြီးမှူး၍ မဟာအောင်မြေမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် Terredes Hommes Lausanne(Tdh/L)ဝန်ထမ်းရေးရာဌာနတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာရပ်ကွက်၊ ၃၆လမ်း၊၇၇ လမ်းနှင့်၇၈လမ်းကြားရှိ Gold Leaf Hotel ခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များ၊မဟာအောင်မြေမြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မန္တလေးတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီမှနည်းပြများ၊ သင်တန်းသား ၂၀ ဦးတက်ရောက်ကြသည်။ **(အောက်ပုံ)**

သင်တန်းတွင် မလေးတိုင်းဒေသကြီးကြက်ခြေနီ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်း ဘာသာရပ်များအား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နည်းပြများက စာတွေ့၊ လက်တွေ့ ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(၀၄၅)**



# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲစိုက်ဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

**ရမည်းသင်း ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲစိုက်ဧကကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ဧက ၁၇၅၀၀ ကို လျာထားပြီး ယခုနှစ် မေလနောက်ဆုံးပတ်မှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ချိန်တွင် မိုးမြေပဲစိုက်ဧက ၁၉၅၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါသီးနှံများစိုက်ပျိုးနေခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးခြင်း ဖြစ်သည်။

"ဒီနှစ်မှာ မိုးသီးနှံစိုက်ပျိုးရာသီအတွက် ရမည်းသင်းမြို့နယ်မှာ မြေပဲ ၁၇၅၀၀ ဧက လျာထားပြီး စိုက်ပျိုးပါတယ်။ လက်ရှိမှာတော့ စိုက်ဧကတွေ ၁၉၀၀၀ ကျော် စိုက်ပျိုးနိုင်ပါတယ်။ လျာထားချက်ထက်ပိုပြီး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပိုမိုတိုးချဲ့စိုက်ပျိုးဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီးမှ စိုက်ပျိုးနေတာပါ။ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ၄င်းက ပြောသည်။



ယခုနှစ် မိုးမြေပဲစိုက်တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်နှင့် ပေါင်းမြက်များ ကင်းရှင်းစေရန်တို့အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ စိုက်ပျိုးထားရှိသည့် စိုက်ခင်းများအထိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)(၀၇၃)**

# တစ်ချိန်က မင်းညီနောင် နတ်နှစ်ပါး၏ တောင်ပြုန်းပွဲ

**တောင်ပြုန်းပွဲဟုဆိုလျှင် နတ်ပွဲဟု တစ်နိုင်ငံလုံးက သိကြသည်။ ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးရှိ နတ်နှင့်ဆိုင်သူများ၊ နတ်ကတော်များရောက်ရှိ စုဝေးရာ ပွဲသဘင်ကြီးဖြစ်သည်ကို ငြင်းကြမည်မဟုတ်။ ယခုနှစ်တွင်လည်း ဝါခေါင်လဆန်း ၈ ရက်မှစတင်၍ တောင်ပြုန်းပွဲတော် ကျင်းပနေပြီ ဖြစ်သည်။**

နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်မှ ဝါခေါင်လပြည့်နေ့အထိ တောင်ပြုန်းပွဲတော်ရက်ဖြစ်သည်။ တောင်ပြုန်းရွာတွင် အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့် ဘုရားရှိသည်။ ဘုရားပွဲအဖြစ် ဆွမ်းလောင်းပွဲနှင့်အတူ ရွှေဖျဉ်းညီနောင်(တောင်ပြုန်းမင်းနှစ်ပါး)အား ပသတင်မြှောက်သည့် နတ်ပွဲလည်းဖြစ်ပြီး တောင်ပြုန်းမင်းနှစ်ပါး၊ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး၊ ကိုယ်တော်ကြီး၊ ကိုယ်တော်လေး စသဖြင့် ခေါ်ကြသည်။

တောင်ပြုန်းမင်းနှစ်ပါးသည် မဟာမေဒင်ဖြစ်သည့်အတွက် နတ်ကတော်များက ဝက်သားစားခြင်း ရှောင်ကြဉ်ကြသည်။လွန်ခဲ့သော နှစ် ၄၀ ဝန်းကျင်က နတ်ကတော်အများစုမှာ အမျိုးသမီးများဖြစ်၍ ဝက်သားစားကြသည်။ ယနေ့တွင် အမျိုးသားများက နတ်ဦးစီးများအဖြစ် ရှေ့တန်းက နေရာယူလျက်ရှိသည်။ လူနှင့်နတ်အကြား ပူဇော်ပသခြင်း၊ အပြစ်ရှိက ခွင့်လွှတ်ပေးပါရန် တောင်းပန်ပေးခြင်း၊ ရှေ့ဖြစ်ဟောပြောခြင်းတို့ဖြင့် ကိုယ်စားလှယ် လုပ်ပေးကြသည်။

"မြန်မာဘုရင်များလက်ထက်က တောင်ပြုန်းပွဲက တစ်မျိုး၊ 'အင်ရုံစာတမ်း' ထဲမှာ တောင်ပြုန်း



အကြောင်း ရေးသားရာမှာ ထူးထူးဆန်းဆန်း တွေ့ရတာက ဝက်သားအကြောင်း ရေးထားတယ်။ အခုလူတွေက တောင်ပြုန်းပွဲဟာ မင်းညီနောင်တို့က ကုလားဖြစ်တယ်။ မဟာမေဒင်ဖြစ်တယ်။ ဒါကြောင့် ဝက်သားနဲ့ ဘယ်လိုမှ မသင့်လျော်ဘူးလို့ ပြောကြတယ်"ဟု ရွှေပြည်ဦးဘတင်၏ စာပွဲသဘင်စာအုပ်တွင် ပါရှိသည်။

တောင်ပြုန်းပွဲတွင် ရာဇဝင်ဇာတ်လမ်းများအတိုင်း ယုန်ထိုးပွဲ၊ ထိန်ခုတ်ပွဲ၊ ချိုးရေတော်သုံးပွဲ စသဖြင့် သူ့ရက်နှင့်သူ ခမ်းနားစွာ ကျင်းပရာ ပွဲတော်ရက်လည်း ရှည်ကြာသည်။ ညီနောင်နှစ်ပါးအပြင် သူတို့မယ်တော် မယ်ဝဏ္ဏလည်း ပါလာပြန်သည်။ တောင်ပြုန်းမင်းနှစ်ပါးဇာတ်လမ်းမှာလည်း ကွဲပြားမှုများရှိသည်။ နတ်ဟုဆိုသဖြင့် နာမ်လောကဖြစ်၍ အကြောင်းအရာတို့သည် ရာဇဝင်ဖြစ်ပေလိမ့်မည်။ သို့သော် တောင်ပြုန်းမင်းနှစ်ပါးရှိသည်မှာ လက်ခံယုံကြည်ဖွယ်ဖြစ်သည်။

**တောင်ပြုန်းမင်းနှစ်ပါး**

တောင်ပြုန်းမင်းနှစ်ပါးဇာတ်လမ်းသည် အနော်ရထာမင်းလက်ထက်က ဖြစ်သည်။ တောင်ပြုန်းဆုတောင်းပြည့်ဘုရား တည်စဉ် ညီနောင်နှစ်ပါးလည်း ပါဝင်ကာသိုလ်ယူရမည်ဖြစ်၍ မင်းအနော်ရထာက လှည့်လည်ဖူးမြော်ရာ ဂန္ဓကုဋိဝင်ပေါက်အထက်ဘက်တွင် အုတ်နှစ်ချပ်လွတ်နေသည်ကို တွေ့သွားသည်။ ထိုအုတ်နှစ်ချပ်လွတ်ခြင်းက တရားခံဖြစ်ခဲ့ရသည်။ ကြိမ်နှင့်ရိုက်၍ဆုံးမရန် အနော်ရထာမင်းက အမိန့်တော်ရှိသော်လည်း လွန်ကြိုးတုတ်၍ ဝါးရင်းတုတ်နှင့် ကွပ်မျက်ခံခဲ့ရရှာသည်။ ဘဝကူးပြောင်း၍ နတ်စိမ်းဖြစ်သွားသည်။သူတို့အတွက် အပိုင်စားနေရာပေးရန် အနော်ရထာမင်းထံ တောင်းခံသဖြင့် ကျော်စင်တစ်လွှား အပိုင်စားပေးကာ ဗလိနတ်စာပူဇော်ပသကြရန် ခွင့်ပြုပေးလိုက်သည်ဟု ဆိုသည်။ ထိုမှစ၍ တောင်ပြုန်းရွာ၊ ဆုတောင်းပြည့်ဘုရားတွင် နတ်ကွန်းနတ်နန်းများတည်ဆောက်၍ တောင်ပြုန်းနတ်ပွဲ ဖြစ်လာခဲ့သည်။

ရွှေပြည်ဦးဘတင်၏ 'စာပွဲသဘင်'တွင် ပါရှိသည်မှာ ရွှေဖျဉ်းညီနောင် ဘာကြောင့် ကွပ်မျက်ခံရလဲဆိုတော့ ရာဇဝင်မှာက ရွှေဖျဉ်းညီနောင်ကို ယုံကြည်တော်မမူသဖြင့် ဝါးရင်းတုတ်အရပ်မှာ ကွပ်မျက်တော်မူတယ်လို့ပါတယ်။ အုတ်နှစ်ချပ်လပ်တာမပါဘူး။ မင်းညီနောင် ကွပ်မျက်ခံရတာက တောင်ပြုန်းရွာမြောက်ဘက် အနည်းငယ်ဝေးသော ဝါးရင်းတုတ်ရွာမှာ မဟုတ်ဘူး။ အဲဒီရွာမြောက်ဘက်၊ အနောက်ဘက် ခပ်စောင်းစောင်းမှာရှိတဲ့ ညောင်ပင်ကြီးအောက်မှာ ကွပ်မျက်ခြင်းကြောင့် ထိုညောင်ပင်ကို 'ကွပ်ရာညောင်ပင်'လို့ ခေါ်တယ်။ အဲဒီနားကရွာကိုလည်း 'ကွပ်ရွာ'လို့ ခေါ်တယ် ဆိုပါသည်။

နတ်ကွန်း၊ နတ်နန်းဆောက်ရာ၌ ကွပ်မျက်ခံရသောရွာတွင် မဟုတ်ဘဲ တောင်ပြုန်းရွာတွင် ဆောက်ရခြင်းမှာ ရွှေဖျဉ်းညီနောင်တို့ နတ်ဖြစ်သွားပြီးနောက် အနော်ရထာမင်းထံ နေရာထိုင်ခင်းပေးသနားရန် တောင်းဆိုသဖြင့် ဆုတောင်းပြည့်ဘုရားအနီး၌ နတ်ကွန်း၊ နတ်နန်းဆောက်ပေးသည်။ ကျော်စဉ်တစ်လွှားရှိ လူအများ ပူဇော်ပသကြရန် အနော်ရထာဘုရင်က အမိန့်တော်ပြန်သည်။ ကျော်စဉ်တစ်လွှားဆိုသည်မှာ တောင်သို့လားသော် ဒုဋ္ဌဝတီ၊ မြောက်သို့လားသော် မတ္တရာမြစ်၊ အနောက်သို့လားသော် ဧရာဝတီမြစ်၊ အရှေ့ဘက်လားသော် တောင်တန်းတောင်ရိုးများရှိပြီး မိုင် ၄၀ ခန့်ကျယ်ဝန်းသော မြေနေရာ၌ တောင်ပြုန်းပွဲ ဖြစ်လာခဲ့သည်။

**တောင်ပြုန်းပွဲက တရားရုံး**

တောင်ပြုန်းမင်းနှစ်ပါးသည် ၃၇ မင်းနတ်စာရင်းတွင် နာမည်ကျော် ဇာတ်လိုက်များဖြစ်သည်။ ထူးလည်းထူးတယ်၊ မူးလည်းမူးတယ်ဆိုသော ကိုကြီးကျော်ကဲ့သို့ ပေါ်ပြူလာဖြစ်ကြသည်။ တောင်ပြုန်းပွဲသို့ တစ်နိုင်ငံလုံးရှိ လူတန်းစားမရွေး လာရောက်ခစားကြသည်။ ပန်းဆက်သူ၊ နတ်ချော့သူတို့အပြင် ဈေးသည်များနှင့် လူတန်းစားမရွေး လာရောက်ကြရာ စည်ကားများပြားလှသဖြင့် အစောင့်အကြပ်များထားရသည့် ပွဲဖြစ်သည်။

ရှေးရှေးကတည်းက စည်ကားသောပွဲတော်ဖြစ်သည်နှင့်အညီ ပွဲတော်တွင် အလွန်အကျွံ ရမ်းကားနှောင့်ယှက်မှုမှကင်းစေရေးအတွက် တာဝန်ချထားကာ ထိန်းသိမ်းကြပ်မတ်ကြသည်။သီပေါမင်းလက်ထက်တောင်ပြုန်းပွဲတွင် တောင်ပြုန်းတရားရုံးရှိခဲ့သည်။ ပွဲတော်ပြီးသွားလျှင် ထိုတရားရုံးလည်း မရှိတော့ဘဲ ပွဲရက်အတွင်း ဖြစ်မှုများကို အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။ တောင်ပြုန်းတရားရုံးမှ ချမှတ်သော ပြစ်ဒဏ်တစ်ခုခုဖြစ်စေ၊ ချုပ်နှောင်သည်ဖြစ်စေ ပွဲတော်ရက်အတွင်းသာ အကျုံးဝင်သည်ဟု သိရသည်။

သီပေါမင်းလက်ထက် တောင်ပြုန်းပွဲမှာ မြို့ဝန်မင်းများက ထိန်းသိမ်းအုပ်ချုပ်၍ ရာဇဝတ်မင်းကြီးဖြစ်သည်ဟု ဆိုပါသည်။ တောင်ပြုန်းပွဲကို ငြိမ်ဝပ်ပိပြားအောင်အုပ်ချုပ်နိုင်ရန်ဟု ဆိုသည်။ အရက်သေစာ သောက်သုံးခွင့်ပြုထားပြီး ပွဲတော်လာသူအချို့သည် ရမ်းကားတတ်ကြသည်။အပျော်သဘောမဟုတ်ဘဲ အလွန်အကျူး ပြုလုပ်တတ်ကြသူများလည်းရှိနိုင်သဖြင့် အပြစ်ပေးရန် ကားစင်ကြီးများ



ဆောက်ထားသည်။ ထိုကားစင်များက ရမ်းကားလိုသူများအတွက် အသိပေးသင်္ကေတဟု ဆိုရမည်။

'တောင်ပြုန်းပွဲမှာ ရာဇဝတ်ကောင် ငမိုးကို ဖမ်းမိလာတော့ ကားစင်ပေါ်တင်ပြီး ချည်ထားတယ်။ ငမိုးကို ပြစ်ဒဏ်ပေးတဲ့ ကားစင်က ရွှေတချောင်းမှာ။ တောင်ပြုန်းတရားရုံးက သေဒဏ်ချမှတ်တော့ ရနောင်မင်းသားက စီရင်ခဲ့တယ်။ ပွဲတော်မှာ ခိုးမယ်၊ ဆိုးမယ်၊ ရမ်းမယ်ဆိုတာတွေ မလုပ်ရဲကြတော့ဘူး။ ပျော်ပျော်ပါးပါး အရက်သောက်တာ ခွင့်ပြုတယ်။ သီချင်းဆိုတာ၊ ကခုန်တာနဲ့ ယဉ်ယဉ်ကျေးကျေးဆိုရင် ခွင့်ပြုပေးထားတယ်။ မြင်းပြိုင်ပွဲ၊ လှည်းပြိုင်ပွဲ၊ နွားပြိုင်ပွဲ၊ လက်ဝှေ့ပွဲတွေလည်းပါတယ်'ဟု ရွှေပြည်ဦးဘတင်၏ စာပွဲသဘင်တွင် ပါရှိသည်။

မြန်မာတို့၏ ရိုးရာယုံကြည်မှုဖြင့် ကျင်းပလာခဲ့သည့် တောင်ပြုန်းပွဲတော်သည် ဘုရားပွဲနှင့်အတူ ရွှေဖျဉ်းညီနောင်တို့၏ နတ်ပွဲလည်းဖြစ်ရာ အကြီးကျယ်ဆုံးသော နတ်ပွဲဖြစ်သည်။ ရက်လိုက် ယုန်ထိုးပွဲ၊ ဂုံညင်းထိုးပွဲ၊ ထိန်ခုတ်ပွဲ၊ ချိုးရေတော်သုံးပွဲ စသည်ဖြင့် အစဉ်အလာမပျက် ကျင်းပကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

တောင်ပြုန်းပွဲပြီးလျှင် အမရပူရမှ ရတနာ့ဂူ ပွဲတော် လာတော့မည်ဖြစ်သည်။ ထိုပွဲတော်သည်လည်း ဘုရားပွဲနှင့်အတူ ကျင်းပသည့် တောင်ပြုန်းမင်းနှစ်ပါး၏ မယ်တော် မယ်ဝဏ္ဏပွဲဖြစ်သည်။ သားတော်နှစ်ပါးထံမှ ပူဆွေးဝမ်းနည်းစွာ ပြန်အလာတွင် ရတနာ့ဂူဘုရားရှိရာ၌ ခရီးတစ်ထောက်နားရာက ရတနာ့ဂူနတ်ပွဲ ဖြစ်လာခဲ့သည်။ နတ်ကတော်များ၊ နတ်နှင့်ဆိုင်သူများ၊ ယုံကြည်သူများပွဲဆိုလျှင် အရောက်သွားကြသူများက ရတနာ့ဂူပွဲသွားရန် ခြေလှမ်းများ ပြင်ဆင်နေကြမည်ဟု ဆိုချင်ပါတော့သည်။

**ကိုးကား– ရွှေပြည် ဦးဘတင်–စာပွဲသဘင်**

**ခိုင်ဆက်ဝေ**



## စာကြည့်တိုက်ပညာ(ဆင့်ပွား)သင်တန်း ဖွင့်လှစ်သင်ကြား

**ဇမ္ဗူသီရိ ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်း ဖွင့်လှစ်သင်ကြားခြင်းကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စာကြည့်တိုက်ပညာ(ဆင့်ပွား)သင်တန်းကို ဖွင့်လှစ်သင်ကြားရာ သင်တန်းနည်းပြများအဖြစ် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုး၊ ဒုတိယဦးစီးမှူး ဒေါ်သီဂီကျော်၊ စာရေးဆရာ မောင်သုတနှင့် စာရေးဆရာ မောင်လေပြေ (တောင်တွင်း)တို့က စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေးလက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့် ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူ အခြေခံကတ်ပြားပုံစံ (နမူနာ)၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များ၊ စာအုပ်ချုပ်နည်းစသည်တို့ကို ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများ စုစုပေါင်း ၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ပန်းချီဆရာမ Htayart ၏ FLOWER'S အမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဩဂုတ် ၁၆**

ပန်းချီဆရာမ Htayart ၏ FLOWER'S အမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၇လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြားရှိ COLLECTOR'S SOUL ART GALLERY အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသွားမည် ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲအား ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ ပြပွဲတွင် ပန်းချီကားအများစုမှာ ပန်းပွင့်မျိုးစုံကို ယဉ်ကျေးမှုရှုထောင့်မှ သရုပ်ဖော်ရေးဆွဲထားပြီး ခရိုင်းလစ် ပန်းချီကား(၃၀)ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)



## လူထုအခြေပြုဗဟိုဌာနတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ (Talk Show) ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက ကလေးအလုပ်သမား အဓိပ္ပာယ်၊ ကလေးအလုပ်သမားခိုင်းစေမှုမြောက်သည့် ပုံစံများအကြောင်း၊ ကလေးအလုပ်သမား အများဆုံးတွေ့နိုင်သည့် ကဏ္ဍများ၊ အကာအကွယ်ပေးထားသည့် ဥပဒေများအကြောင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ စသည်တို့ကို မေးမြန်းဆွေးနွေးခဲ့ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေအောင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ချမ်းမြသာစည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) ချမ်းမြေ့







ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အလှပန်းပွင့် ဂုဏ်တင့်ကျက်သရေ တို့မန်းမြေ

* တို့ မြို့တော်နယ်နိမိတ်အတွင်း
ခင်းထားတဲ့ လမ်းတွေဟာ
နိုင်လွန်ကတ္တရာ ၊
ချောမွေ့နက်ဖြာ
ကြည့်ကြစမ်းပါ ညီညာလို့ ပြန့်ပြူး ၊
ပြည်သူတွေ သွားလာမှုကို
မန်းစည်ပင် အစဉ်ရှု
ဂုဏ်ပြုချီးကျူး ။

* တို့ မြို့တော်နေရာအနှံ့
ခြေဆန့်လို့ သွားလိုက်ရင်
အမှိုက်ကင်းစင် ၊
မြင်ရတိုင်းပင် စိတ်ဘဝင်ကြည်နူး ၊
ပြည်သူတွေ ကျန်းမာမှုကို
မန်းစည်ပင် အစဉ်ရှု
ဂုဏ်ပြုချီးကျူး ။

* တို့ မြို့တော်စိမ်းလန်းရေးနဲ့
စိတ်အပန်းတွေပြေစေရန်
ခန့်ခွဲစီမံ ၊
သစ်ပင်ပန်းမန် ဝန်းရံကာစိုက်ထား
မန်းစည်ပင် သူ့စိတ်ကူးက
ဉယျာဉ်ကြီးလား။

* တို့ မြို့တော်တိုးတက်ရေးအတွက်
ရှေ့ရှုကြ ထာဝစဉ်
သိကြစေချင် ၊
မောင်တို့လည်း ပါဝင်၊ ခင်တို့လည်း ပါဝင်လို့
မန်းမြေမှာ ပန်းတွေ ပွင့်ရအောင်
မန်းမြေကို လှျမ်းဝေတင့်ရအောင်
မန်းမြေရဲ့ ဖန်တီးရှင်
မန်းစည်ပင် အကူထောက်စေဖို့ ၊
တို့ ပြည်သူ ပံ့ပိုးပေးလို့ရယ်
(ကွယ်) ကောင်းကျိုးဆောင်စို့ ။ ။

ချမ်းမြေ့မိုး(မန္တလေး)

## ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းရှူး ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် ကျန်းမာရေးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက အမှတ် (၁) အခြေခံပညာ မူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို ကျန်းမာရေးဌာနမှ သွားဆရာဝန် ဒေါက်တာဖြိုးဟိန်းသူနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးနှင့် သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သန့်ရှင်းသာယာ မန္တလာ
ပိုင်းဝန်း
ထိန်းသိမ်းပါ။

## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်သည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ စာဖတ်ရိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မွန်ကဲရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နယ်လှည့်ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက နမ့်စလိုင်အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး မူလတန်းကြိုကျောင်းတွင် ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မူလတန်းကြိုကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ အမှတ် (၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)တွင် ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးစာဖတ်ခန်း၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ပြုလုပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အဆိုပါရုံးရှိ ကလေးစာဖတ်ခန်း၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဦးပွားဘုရားပရိဝုဏ်အတွင်းရှိ "လောကမေတ္တာ၊ လောကသစ္စာ"စေတီတော်နှစ်ဆူအား ရွှေထီးတော် အသစ်တင်လှူပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၁၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်မြတ်စွာဘုရားပရိဝုဏ်အတွင်းရှိ လောကမေတ္တာစေတီတော်နှင့် လောကသစ္စာစေတီတော်နှစ်ဆူအား ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် အသစ်ပြန်လည်တင်လှူပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် အလှူရှင်မိသားစုတို့က မင်္ဂလာအချိန်တွင် လောကမေတ္တာစေတီတော်အား မန္တလေး၊ ၈၂လမ်း၊ ၃၇လမ်းနှင့်၃၈လမ်းကြားနေ ဦးစန်းမောင်+ဒေါ်သန်း(စိန်ကြောင်ဖိနပ်နှင့် စက်ယန္တရားဖိနပ်လုပ်ငန်း)သားသမီးမြေးတစ်စုကလည်းကောင်း၊ လောကသစ္စာစေတီတော်အား ဦးဝင်းမောင်+ဒေါ်နန်းစန္ဒာမောင်(ပွိုင့်နေကြာနှင့် စတိုး)သားသမီးမြေးတစ်စုတို့က ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထက်သို့ တင်လှူပူဇော်ကြရာ ဒေါနခြံအုတ်ကျောင်း၊ မဟာမုနိဘုရားကြီး ဒုတိယရေတော်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိသရ(မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)တို့က အန္တရာယ်ကင်းဂါထာတော်များ ရွတ်ဖတ်ပူဇော်ပေးသည်။

ထို့နောက် ဦးပွားဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အတွင်းရေးမှူး ဦးထွန်းထွန်းလင်းတို့က ဦးဆောင်၍ အလှူရှင်မိသားစုက ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်တင်လှူကြရာ တိုင်းသာသနာရေးမှ သာသနာလက်ထောက်(၃) ဦးမောင်လွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များက စေတီတော်နှစ်ဆူအား ဘုရားအနေကဇာတင်လှူခြင်း မင်္ဂလာပြုလုပ်သည်။

၄င်းနောက် ဒက္ခိဏာရာမဘုရားကြီးတိုက်၊ လယ်ပေါ်ကျောင်းတွင် အလှူရှင်မိသားစုနှင့် ပရိသတ်တို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတဘုရားကြီးတိုက်၊ နယူးကျောင်းဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၄၆)



## ဥပ္ပါတသန္တိကျမ်းနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**ရှာင် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရှာင်မြို့နယ်၊ သာသနာ့ဗိမာန်တော်၌ ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ဥပ္ပါတသန္တိကျမ်းမြတ် အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရှာင်မြို့နယ်လုံးဆိုင်ရာ သံဃနာယကဥက္ကဋ္ဌ ရွှေပေါ်ကျွန်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနက ကိုးပါးသီလ ချီးမြှင့်ပေးတော်မူပြီး ဥပ္ပါတသန္တိကျမ်းမြတ် နာကြားရန် နတ်ဗြဟ္မာများအား ပင့်ဖိတ်ပေးတော်မူသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တက်ရောက်လာကြသူများက ဆရာတော်များအား ရှိခိုးကန်တော့ကြ၍ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်တော်သည့် မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုခဲ့ကြသည်။

ဥပ္ပါတသန္တိကျမ်းမြတ် အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၆ ရက် အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး အခမ်းအနားသို့ ဒေသစီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁၀)

## မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများဖောင်ဒေးရှင်းမှ ကန်တော့ခံဆရာကြီးများအား ကျန်းမာရေးထောက်ပံ့ငွေ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်းမှ Allregional ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ဩဂုတ် ၁၄ ရက်က ကန်တော့ခံဆရာကြီး ဦးကျင်ဆောင် (Philosophy) သည် မျက်စိအတွင်းတိမ် ခွဲစိတ်ကုသမှုခံယူထားရသဖြင့် မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်းမှ ကျန်းမာရေးထောက်ပံ့ငွေကျပ် သုံးသိန်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ သီးခြားဂါရဝပြုငွေကျပ် ၃၃၀၀၀၀၊ စုစုပေါင်း ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေကျပ် ၆၃၀၀၀၀ ပေးအပ်ကန်တော့ခဲ့ကြသည်။

မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်း MRCAF ၏ ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အတွက် ငွေကျပ် ၅၀၀၀၀ နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ကျန်းမာရေးစောက်ရှောက်မှု အစီအစဉ်အတွက် ငွေကျပ် ၅၀၀၀၀ ကို ဩဂုတ် ၁၄ ရက်က အောင်မြေသာစံမြို့နယ်၊ နန်းရှေ့အောင်စစ်သည်လမ်းနေ ကွယ်လွန်သူ ကိုစောဝင်းနိုင် (4th Batch သိပ္ပံ/ဇီဝ)အား ရည်စူး၍ ကျန်ရစ်သူ ဇနီးနှင့်သားတို့က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄၅)**



# မေ့လျော့ခြင်း၏ အပြစ်နှင့် မမေ့မလျော့ခြင်း၏ အကျိုး

ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ရဟန်းနှစ်ပါးကို အကြောင်းပြု၍ ဟောမိန့်တော်မူသော ဒေသနာ(တစ်နည်းအားဖြင့်) မြတ်ဗုဒ္ဓ၏ အဆုံးအမမှာ လောကလူသားတို့၏ နေ့စဉ်ဘဝတစ်သက်တာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေးမှ အစ နိဗ္ဗာန်အဆုံးတိုင် မှတ်သားဖွယ်၊ လိုက်နာဖွယ် ဖြစ်ပါ၏။

ရဟန်းနှစ်ပါး။ မြတ်စွာဘုရားက မိန့်ကြားလာတဲ့ ကမ္မဋ္ဌာန်းကို ယူပြီးလျှင် တောရကျောင်းတွင် ထိုရဟန်းနှစ်ပါးက နေထိုင်ကြလေ၏။

တစ်ပါးက နေ့လယ်နေ့ခင်း ထင်းတွေကို စု၊ ညမီးဖိုမှာ ဝိုင်းဖွဲ့၊ ကိုရင်ငယ်လေးတွေနဲ့ စကားပြောကြနဲ့ ကြယ်တွေစုံတဲ့ညရဲ့ ကောင်းကင်က ကြယ်ပွင့်ကြယ်ခိုင်တွေနဲ့ ထိုသဘာဝအလှက ငွေတစ်သိန်းနဲ့ ငွေတစ်သန်းနဲ့ တန်ဖိုးမဖြတ်နိုင်ဘူး။

ညအခါ ကြယ်ပွင့်ကြယ်ခိုင်တွေက သူတို့အလင်းရောင်တွေနဲ့ ဖြူဖြူဖွေးဖွေးနဲ့ ကောင်းကင်က ကြယ်တွေ ညတိုင်းအိပ်နေကြသလော။ မအိပ်ဘူး။ ကြယ်ရဲ့ အရောင်တွေ ညမှောင်မှောင်မှာ လင်းလက်လို့ လူသားတွေလို ဝမ်းနည်းလို့ ငိုနေတာမျိုး၊ ဝမ်းသာလို့ ငိုနေပုံမျိုး၊ ကြယ်ပွင့်တွေမှာ ရှိဟန်မတူ။ ညည သူတို့အလှ၊ သူတို့အပြုံး၊ သူတို့အလင်းရောင်တွေနဲ့။

တစ်ခါတစ်ခါ ကောင်းကင်က ကြယ်တစ်ပွင့် ရုတ်ချည်း ကြွေသွားတတ်တာမျိုး မြင်ရတတ်သည်။ မိုးရွာတဲ့ည၊ လသာတဲ့ည၊ မှောင်မိုက်တဲ့ည၊ ညအခါ တစ်ခါတစ်ရံ မိုးချုန်းသံနဲ့ ကြောက်စရာ တစ်ခါတစ်ခါ ညချမ်းချိန်ခါ လပြည့်ဝန်းနဲ့ တောထဲက သစ်ပင်ကြီးတွေ၊ သစ်ပင်ငယ်တွေ၊ လပြည့်ဝန်းရဲ့ အေးမြတဲ့ ငွေရည်ငွေစက်တွေ သောက်သုံးကြနဲ့ ပျော်မွေ့စရာ။

ည၏ သဘာဝအလှကို ထိုရဟန်းနဲ့ ထိုငယ်ရွယ်တဲ့ ကိုရင်လေးတွေ မြင်ကြသလော။ ညရဲ့ ဆည်းဆာမှာ သူတို့တွေ ဝိုင်းဖွဲ့ပြီး စကားပြောနေကြတဲ့ အချိန်တွေရဲ့ တန်ဖိုးသိဟန်မတူကြဘူး။ ရဟန်းတစ်ပါးက သတိမလွတ်ဘူး၊ သတိတရားနဲ့ မမေ့ဘူး၊ မလျော့ဘူး။ ရဟန်းတရားနဲ့။ သည်တော့ ရဟန်းတရားအားထုတ်ဖို့ မေ့လျော့နေတဲ့ အခြားရဟန်းတစ်ပါးကို အချင်းချင်း သတိပေးစကား ပြောကြားလိုက်တယ်။

‘အို ငါ့အရှင် မေ့မေ့လျော့လျော့ မနေကောင်းဘူး၊ သတိလွတ်ခြင်းနဲ့ မေ့လျော့သူအဖို့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံဆိုတာ ကိုယ်ပိုင်အိမ်နဲ့တူတယ်’

‘ဘုရားရှင်တို့မည်သည် လူတို့ရွာမှာ မေ့မေ့လျော့လျော့နေဖို့ ပွင့်လာတာ မဟုတ်ပါဘူး’

မမေ့မလျော့နဲ့ ရဟန်းတရားနဲ့နေတဲ့ ရဟန်းတစ်ပါးရဲ့ အဆုံးအမစကားရပ်ကို ဘယ်လိုပြောပြော ထိုရဟန်းက နားမဝင်ဘူး၊ နားမထောင်ဘူး။

ထိုရဟန်းရဲ့ ပြောဆိုရခက်ပုံကို သိရသည်နှင့် ထိုရဟန်းကို ပျားရည်လို ချို၊ တမာလို ခါး၊ ကောင်းကျိုးလို လား၊ စကားမှန်သမျှကို မပြောလိုတော့ဘူး။

အခြားရဟန်းတစ်ပါးက စကြံလျှောက်၍ ကျောင်းသခ်မ်းသို့ ဝင်ဟန်ကို ပျင်းရိတဲ့ ရဟန်းတစ်ပါးက သူ့အလိုကျ သူ့စိတ်အထင်နဲ့ သူ့စိတ်ထဲ တိုးညင်းစွာ ပြောနေ၏။

‘ငပျင်းကြီးတော့ အိပ်ဖို့ တောအရပ်ထဲ ဝင်လာခဲ့ဟန်တူရဲ့။ မြတ်စွာဘုရားပေးလိုက်တဲ့ ကမ္မဋ္ဌာန်းစီးဖျန်းခြင်းနဲ့၊ ထကြွခြင်းနဲ့၊ ရဟန်းတရားအားထုတ်ခြင်းနဲ့၊နေဖို့သင့်တာ အမှန်ပဲ’

ပျင်းတဲ့ ဂုဏ်ရယ်၊ ယီးတီးယားတားနေတဲ့ ဂုဏ်ရယ်၊ ဒီနှစ်ချက်နဲ့ နေထိုင်တဲ့ ရဟန်းတစ်ပါးက အခြားရဟန်း၏ နေထိုင်ပုံကို သူဘယ်လိုပြောစေ တကယ်တော့ သူနေထိုင်တဲ့ နေရာမှာ လဲလျောင်းရင်း အိပ်ပျော်၍ သွားလေပြီ။

တိတ်ဆိတ်တဲ့ည၊ ကြယ်တွေစုံတဲ့ည၊ ကြယ်ပွင့်ကြယ်ခိုင်တွေနဲ့ လှပတဲ့ညဆိုတာ အိပ်ဖို့ မဟုတ်ဘူး။ တရားဘာဝနာအားထုတ်ဖို့။ အဲဒီအသိနဲ့ ညဥ့်ရဲ့အလယ် အချိန်တွေ ကုန်လွန်။ ညဥ့်ရဲ့ အရဏ်ဦး အချိန်စောစောထလို့။ အခြားရဟန်းတစ်ပါးက ရဟန်းတရားအားထုတ်လေပြီ။

မမေ့မလျော့ သတိတရားနဲ့ ကြိမ်ဖန်များစွာ နေလာတဲ့အခါ ပဋိသမ္ဘိဒါ ရဟန္တာအဖြစ်နဲ့ အရဟတ္တဖိုလ်တရားထူးကို ထိုမမေ့မလျော့သတိနဲ့ ပြည့်စုံစွာနေလာတဲ့ ရဟန်းတစ်ပါးက ရရှိလိုက်သည်။

အခြားရဟန်းတစ်ပါးမှာမူ မေ့လျော့ခြင်းဖြင့်သာလျှင် အချိန်တွေ ကုန်လွန်လေပြီ။

ထိုရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရား၏ ထံတော်ပါးသို့ သွားကြ၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြပြီးလျှင် လေထက် လေညာ လေအောက် မနီးမဝေးအပြစ်လွတ်လောက်ရာ အရပ်မှာ ထိုင်ကြကုန်ပြီ။

‘ချစ်သား ရဟန်းတို့ နေကောင်းထိုင်သာ ရှိကြရဲ့လား၊ သတိတရား အားကောင်းကောင်းနဲ့ ရဟန်းတရားအားထုတ်ကြရဲ့လား၊ ချစ်သားတို့ရဲ့ ရဟန်းတရားအားထုတ်တဲ့အလုပ်မှာ အားရဝမ်းသာ တိုးတက်သလော။ စိတ်နောက် စိတ်လေပွေနဲ့ စိတ်ပျံ့လွင့်ခြင်းနဲ့ မကောင်းမှု အကုသိုလ်နဲ့ မွေ့လျော်သလော’

ထိုရဟန်းနှစ်ပါးတို့နှင့်အတူတကွ နှုတ်ခွန်းဆက်စကားရပ်ကို မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

‘ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုရဟန်းအဖို့ သတိတရားကိုသာ အဘယ်မှာ ရှိလို့လဲ။ ရောက်တဲ့အချိန်ကစပြီး အိပ်ပျော်နေတာနဲ့ အချိန်ကုန်ပါရော’

‘တပည့်တော်ကတော့ ထင်းတွေကို စု၊ မီးဖိုကိုပြု၊ ညရီးပိုင်းမှာ ထိုင်ရင်း မအိပ်မငိုက်ဘဲ အချိန်ကုန်လွန်ပါ၏ ဘုရား’

မေ့လျော့နေတဲ့ ရဟန်းက ရှေးဦးကြိုတင်ပြီး မြတ်စွာဘုရားအား လျှောက်ကြားပါတော့သည်။

‘အို ချစ်သား အချိန်ဖြုန်းပြီး မေ့လျော့နေတဲ့ သင်က သတိနဲ့နေတယ်လို့ ပြောရဲပါဘိတယ်’

ထိုရဟန်း၏ စကားကို ကြားသိသည်နှင့် မဟုတ်မမှန်ထွက်ဆိုသော ရဟန်းအား မြတ်စွာဘုရားသည် ဟုတ်တိုင်းမှန်စွာ မိန့်ကြားလိုက်သည်။

အပ္ပမတ္တော ပမတ္တေသု - မေ့လျော့ပေါ့ဆစွာ နေတတ်သူတို့တွင် မမေ့မလျော့သတိတရားနဲ့ နေသူက

သုတ္တေသု- ဗပုဇာဂရော- အိပ်ပျော်၍ နေသူတို့တွင် နိုးကြားစွာ ရှိနေသူက

သုမေဓသော- မြတ်သော ပညာရှိဖြစ်၏။

ဟိတွာယာတိ- စည်းစိမ်ချမ်းသာ နေဥစွာ စွန့်လွတ်၍ အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိတတ်၏။

အဗလဿံဝ သီဃသော- ခြေခွင်နေသော ခွန်အားဗလပြတ်နေသော အလနဥလသော မြင်းကို လျှင်မြန်တဲ့ အာဇာနည်မြင်းက ကျော်တက်သွားသလိုပဲ။

နေ့စဉ်ဘဝလောက လူသားတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လောကီချမ်းသာနဲ့ လောကုတ္တရာချမ်းသာတို့အတွက်

**၁။ သတိနဲ့ ပြည့်စုံခြင်း**

**၂။ မအိပ်မနေ များစွာ နိုးကြားမှုနဲ့ ပြည့်စုံခြင်း**တို့ဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာ ရယူနိုင်ပါကြောင်း သတိမေ့သူနဲ့ အိပ်ပျော်၍ နေသူတို့ကို ကျော်လွန်၍ ဘဝ၏ အခြေအနေကောင်းများ ကြုံတွေ့နိုင်ပါကြောင်း သတင်းကောင်းအဖြစ် လောကလူသားတို့အား မြတ်စွာဘုရားသည် မဟာကရုဏာ သနားကြင်နာခြင်းများစွာနဲ့ မဟာပညာကြီးမြတ်သော ဉာဏ်ပညာနဲ့ မိန့်ကြားတော်မူပါ၏။

**ကျမ်းကိုး- သုတ္တန္တပိဋကတ်၊ ခုဒ္ဒကနိကာယ် ဓမ္မပဒ အဋ္ဌကထာလာ ပမတ္တာပမတ္တဒွေသဟာယကဝတ္ထု။**

မြတ်ထေရ်ကျော်

---

## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ (Bakery & Snaik)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**သရက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန သရက်ခရိုင်ရုံးမှအသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ(Bakery & Snaik) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်းကို ယနေ့ နံနက် ၁၀ နာရီက ရွှေမုဋ္ဌောဓမ္မာရုံအတွင်း ကျင်းပခဲ့သည်။



အဆိုပါ အခမ်းနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှု လုပ်ငန်းများထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဆိုတဲ့ ဌာနရဲ့မျှော်မှန်းချက်နှင့်အညီ အသက်မွေးဝမ်းကျောင်းနည်းပညာများသင်ကြားပေးခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျမှတ်ပုံတင်ပေးခြင်း၊ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဆောင်ရွက်ပေးခြင်း စားသောက်ကုန်၊ လူသုံးကုန်များ အရည်အသွေးမှန်ကန်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရန် ဓာတ်ခွဲစမ်းသပ်ပေးခြင်း စသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပြီး သရက်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလင်းထက်အောင်က သင်တန်းနှင့် ပတ်သက်သည်များကို ပြောကြားခဲ့သည်။

ထို့နောက် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က သင်တန်းတွင်အသုံးပြုရန် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းတွင် အသုံးပြုရန် ကုန်ကြမ်းပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဇော်ထက်(သရက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

---

## နှမ်းစပါးများရိတ်သိမ်း တစ်ဧကအထွက်နှုန်း(၉၀)တင်း ထွက်ရှိ

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စပါးစိုက်တောင်သူများ လူမှုဘဝမြင့်မားရေး သက်ဆိုင်ရာဌာနများမှ ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ၊ စိုက်နည်းစနစ်များနှင့် သွင်းအားစုများ စနစ်တကျကူညီပေးလျက်ရှိကြောင်း သိရပြီး အရှေ့ရွာနန်းကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးထားသော နှမ်းစပါးများရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၉၀ တင်း ထွက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

အရှေ့ရွာနန်းကျေးရွာတွင် စိုက်ပျိုးထားသော နှမ်းစပါးများသည် ရွှေမနော်စပါးမျိုးများ ဖြစ်ကြောင်းနှင့် အရှေ့ရွာနန်းကျေးရွာစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသားတောင်သူ ၁၈ဦး၏ လယ်မြေများတွင် ၈၆ ဧက စိုက်ပျိုးထားရှိကြောင်းသိရှိရပြီး နှမ်းစပါးသီးနှံများစိုက်ပျိုးရာ၌ အခြေခံသမဝါယမအသင်းသားတောင်သူများ သွင်းအားစုအခက်အခဲမရှိစေရေး မြို့နယ်သမဝါယမဦးစီးဌာနမှ နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် စပါးတစ်ဧကတွင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့်ထွက်ရှိလာသည့် စပါးများ ရောင်းချရာ၌ အကျိုးအမြတ်ရရှိရေးဝယ်ယူကြိတ်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားပြီး သတ်မှတ်ကာလပေါက်ဈေးဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။(၄၈၅)



## မိုးသီးနံ့ဟင်းသီးဟင်းရွက်မျိုးစုံကို GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်ဆောင်ရွက်

**မြောင် ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်တွင် မိုးသီးနံ့ဟင်းသီးဟင်းရွက်မျိုးစုံကို GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြောင်မြို့နယ်တွင် GAP စနစ်ဖြင့် မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်းချဉ်၊ ခရမ်း၊ မုန်လာထုပ် စသည့်သီးနှံဧက ၄၀၀၀ ကျော် စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

"စိုက်တဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်တဲ့ဟင်းသီးဟင်းရွက်တွေမှာ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာပေးတာပါ"ဟု ၎င်းက ပြောသည်။

မြောင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၄၃၀၀ ကျော် စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၁၉၅ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၄)



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မင်းဘူး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ် ခလရ(၈၈) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အသိပညာပေး ဟောပြောရာတွင် ခလရ(၈၈) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာများအပြင် ပြင်ပဗဟုသုတများ ရရှိစေမည့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်းပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဒေါ်နှင်းက အားကစားနည်းပညာများ၏ အကျိုးသက်ရောက်ပုံနှင့် အားကစားနည်းများကို ထွန်းပေါက်အောင်ကစားခြင်းဖြင့် မိမိနိုင်ငံတော်နှင့် လူမျိုးကို ပြန်လည်အကျိုးပြုစေသည့်အချက်များကို ပြောကြားကာ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ကြည်က ကုန်အညွှန်းအမှတ်အသား၊ စားသုံးသူတွေရဲ့ အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်နိုင်ရေးစသောအချက်များကို အသိပညာပေးပြောကြားကြသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူးက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသော အသိပညာပေးနံရံကပ် စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၅၀၄)

## စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက စာအုပ်စာစောင်ပြပွဲ ကျင်းပသည်။

အဆိုပါ စာအုပ်၊ စာစောင်ပြပွဲအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ စာပေဖတ်ရှုသည့်အလေ့အထမှ အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေဗဟုသုတကြွယ်ဝစေရန်နှင့် စာအုပ်စာစောင်များအား တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ စာအုပ်၊ စာစောင်ပြပွဲ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် အလုပ်တာဝန်များဖြင့် မအားလပ်၍ လာရောက်မဖတ်ရှုနိုင်သည့် စာပေချစ်မြတ်နိုးသူများအတွက်လည်း Mobile Library စနစ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

အဆိုပါစာအုပ်၊ စာစောင်ပြပွဲတွင် သုတ၊ ရသ၊ ရုပ်ပြ စာအုပ်စာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်များကိုလည်း ခင်းကျင်းပြသခဲ့ပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးခန့်က စိတ်ဝင်တစားလေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## မျိုးစေ့ထုတ်စံပြစိုက်ခင်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မိုးနဲ ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်အတွင်း မိုးရာသီကာလ မျိုးစေ့ထုတ်စံပြစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို လင်းခေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မျိုးစေ့ထုတ်စံပြစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်အောင်မြင်နေမှုအခြေအနေများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မော်ဦးက ရှင်းလင်းတင်ပြရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးမို့မို့ထွန်းက ရိတ်သိမ်းချိန်အထိ တောင်သူများ လိုအပ်သော နည်းပညာနှင့် သွင်းအားစုများ၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် မိုးစပါးများ အချိန်မီ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး မှာကြားသည်။

မိုးနဲမြို့နယ်တွင် မျိုးစေ့ထုတ်စိုက်ခင်းများအဖြစ် ယာစပါး၊ လယ်စပါး၊ မြေပဲ၊ နေကြာ၊ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)၊ ပဲပုပ်နှင့် ပဲစင်းငုံများ စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ်၊ စာပေလေ့လာစို့။

## စာဖတ်ရှိန်မြင့်တင်ရေး ပြပွဲနှင့်ပြိုင်ပွဲများ ကျင်းပ

**ရွှေဘို ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာကြည့်တိုက်နှင့်ရင်းနှီးပြီး စာပေကိုချစ်မြတ်နိုးသူများ ဖြစ်လာစေရန်ရည်ရွယ်၍ ပြပွဲ၊ ပြိုင်ပွဲများကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြပွဲ၊ ပြိုင်ပွဲများကျင်းပရာတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာ ဗဟုသုတတိုးပွားစေမည့် သုတရသ စာအုပ်များကို ဖတ်ရှုလေ့လာကာ စာကြည့်တိုက်အား ငယ်ရွယ်စဉ်ကပင် အသုံးပြုတတ်လာစေရန် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများပြုလုပ်ခဲ့ပြီး နံရံကပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြပြီး ပြိုင်ပွဲများကိုလည်း ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတို့က ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြပြီး လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်တရလက်ဆောင်အဖြစ် ဗလာစာအုပ်နှင့်ခဲတံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည်။

**တက်ရောက်**

(၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စ အက်စီရီ ပင်တာရှုချီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စတာ ဆုပ်ချန်ဒါ ဆိုပီအာ၊ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ ငုယင်မင်းဟန်တို့တက်ရောက်ကြသည်။




(၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ အပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးနှင့် ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် အစည်းအဝေးအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသတွင်း ဘက်စုံ ပေါင်းစည်းချိတ်ဆက်မှု မြှင့်တင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တားဆီးကာကွယ်ရေးတို့ကို တိုးမြှင့် ဆောင်ရွက်ရေးနှင့် မဲခေါင်-လန်ချန်းဒေသတွင်း လေထုညစ်ညမ်းမှုဖြေရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု စသည့်နယ်ပယ်များတွင် အလေးအနက်ထား ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။




ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စ အက်စီရီ ပင်တာရှုချီက (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များကို ယမန်နေ့ညပိုင်းတွင် ချင်းမိုင်မြို့ရှိ အင်တာကွန်တီနင်တယ်ဟိုတယ်၌ ကြိုဆိုဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စသည့် အဖွဲ့ဝင် (၆) နိုင်ငံ ပါဝင်ပြီး မဲခေါင်- လန်ချန်း ဒေသအတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း စုစုပေါင်း ၁၁၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့သည်။ **သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုအား ဆွတ်ခူးရန် မန်ချက်စတာစီးတီးအသင်း ရေပန်းစား

**မန်ချက်စတာ ဩဂုတ် ၁၆**

ယနေ့မှ စတင်ကာ ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးရန် မန်ချက်စတာစီးတီးအသင်းက ရေပန်းအစားဆုံးဖြစ်လျက်ရှိနေသည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံရေပန်းစားမှုတွင် မန်ချက်စတာစီးတီးအသင်းက ထိပ်ဆုံးတွင် ရပ်တည်ခဲ့ပြီး ၎င်းနောက်တွင် အာဆင်နယ်အသင်း၊ လီဗာပူးအသင်း၊ မန်ချက်စတာယူနိုက်တက်အသင်း၊ ချဲလ်ဆီးအသင်း၊ စပါးအသင်းတို့ အသီးသီးရပ်တည်ခဲ့သည်။

မန်ချက်စတာစီးတီး အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးဖလားအဖြစ် ကွန်မြူနတီရှီးလ်ချန်ပီယံဆုအားလည်း ဆွတ်ခူးထားနိုင်ခဲ့ပြီး ဖြစ်သည်။



၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းပေါင်း ၂၀ဖြင့် ပွဲပေါင်း ၃၈၀ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် လက်ရှိရေပန်းစားနေသည့် အတိုင်း ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုအား ဆွတ်ခူးသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရဦးမည် ဖြစ်သည်။

**(NGB)**

## ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ညနေ ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက်နှစ်ရက်အတွင်း မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**